မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည်ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၅)၊ အမှတ်(၂၈၃)
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ တနင်္လာနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင် ပါဝင်ဆန္ဒမဲပေးနေကြသည့် မဲဆန္ဒရှင်ပြည်သူများအား မဲရုံများအလိုက် လိုက်လံကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်ကို အသုံးချပြီး နိုင်ငံ၏ အနာဂတ်လမ်းကြောင်းကို ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပိုင်း(၃)ကို ယနေ့နံနက် ၆ နာရီမှစတင်၍ သက်ဆိုင်ရာမြို့နယ်များ၌ ကျင်းပပြုလုပ်ရာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာမဲရုံများအလိုက် မည်သည့် ဖိအားတစ်စုံတစ်ရာမျှမပါရှိဘဲ မိမိတို့၏လွတ်လပ်သည့် သဘောထားဆန္ဒများအလျောက် တက်တက်ကြွကြွ စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာဖြင့် တစ်ခဲနက်ဆန္ဒမဲများပေးကြသည်။

ထိုကဲ့သို့ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲများပေးနေမှုများကို နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည်

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**




နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချမ်းမြသာစည်မြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများတက်ကြွစွာ ပါဝင်ဆန္ဒမဲပေးနေမှုကို လိုက်လံကြည့်ရှုအားပေးစဉ်။



## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်)

# ရွေးကောက်ပွဲကြီးအောင်မြင်ပြီ နိုင်ငံ့အနာဂတ်လှစေမည်

မြန်မာနိုင်ငံ၏ရွေးကောက်ပွဲသမိုင်းတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ပြည်သူများစိတ်ဝင်စားမှုအရှိဆုံးနှင့်မဲဆန္ဒပေးသည့်အရေအတွက် အများဆုံးရွေးကောက်ပွဲအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်သည်။ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းဟူသော ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသည့် ရွေးကောက်ပွဲကြီးလည်းဖြစ်ခဲ့သည်။ **နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတကာသံရုံးများမှကိုယ်စားလှယ်များ၊ နိုင်ငံတကာနှင့်ပြည်တွင်းသတင်းမီဒီယာအဖွဲ့အစည်းများမှ လာရောက်လေ့လာသတင်းရယူသူများအနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်းသုံးပိုင်းလုံးတွင် လွတ်လပ်၍တရားမျှတမှုအပြည့်အဝရှိစွာဆောင်ရွက်ခဲ့သော ရွေးကောက်ပွဲဖြစ်ကြောင်းသိရှိသွားခဲ့ပြီဖြစ်သည်။**

လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲကျင်းပနိုင်ရေးဆိုသည်မှာ ရွေးကောက်ပွဲများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းနှင့် လွတ်လပ်၍တရားမျှတပြီးပွင့်လင်းမြင်သာသောရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များဖြစ်သည့် နိုင်ငံသားတိုင်းဥပဒေနှင့်အညီမဲပေးပိုင်ခွင့်ရှိစေရေး၊ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေး၊ ပွင့်လင်းမြင်သာစွာမဲပေးရေး၊ မဲရေတွက်ခြင်းနှင့်ရလဒ်များထုတ်ပြန်နိုင်ရေး၊ လွတ်လပ်၍တရားမျှတသော မဲဆွယ်စည်းရုံးရေးနှင့်သာတူညီမျှအခွင့်အရေးများဆောင်ရွက်ခွင့်ရရှိရေး၊ လုံခြုံရေးအကြမ်းဖက်မှုနှင့်ခြယ်လှယ်မှုများမရှိစေရေး၊ အငြင်းပွားမှုကိုဖြေရှင်းရေး၊ ရွေးကောက်ပွဲကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က သမာသမတ်ကျအောင် ဆောင်ရွက်ရေးတို့ဖြစ်သည်။ အဆိုပါလုပ်ငန်းရပ်များကိုအောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာမဲဆွယ်စည်းရုံးခြင်းနှင့်စုဝေးဟောပြောခြင်းများကို ရက်ပေါင်း ၆၀ သတ်မှတ်၍ တန်းတူညီမျှခွင့်ပြုပေးခဲ့သည်။ ရွေးကောက်ပွဲအပိုင်း(၁)ပြီးသည်နှင့် ရွေးကောက်ပွဲအပိုင်း(၂)နှင့် (၃)အတွက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခွင့်ပြုခဲ့သည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးမှုများကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီဆောင်ရွက်ခဲ့ကြသည့်အတွက် ပဋိပက္ခများ၊ အငြင်းပွားမှုများကြီးကြီးမားမားမရှိဘဲ တည်ငြိမ်အေးချမ်းစွာဆောင်ရွက်နိုင်ခဲ့သည်။

တပ်မတော်သည်ပြည်သူလူထု၏အကျိုးစီးပွားကိုအစဉ်ဦးထိပ်ထားသည့်အလျောက် ပြည်သူလူထု၏လိုအင်ဆန္ဒကို ပြည့်ပြည့်ဝဝဖြည့်ဆည်းပေးနိုင်အောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လွတ်လပ်ရေးရပြီးကာလ တပ်မတော်ကဦးဆောင်ကျင်းပပေးခဲ့သည့် ရွေးကောက်ပွဲများ၏အခြေအနေကို ပြန်ပြောင်းလေ့လာကြည့်လျှင်လည်း တပ်မတော်သည် ဘက်လိုက်မှုကင်းစွာဆောင်ရွက်ခဲ့ကြောင်းသိရှိနိုင်သည်။ ယခုကျင်းပခဲ့သည့်ရွေးကောက်ပွဲအပိုင်း(၁)၊အပိုင်း(၂)နှင့်အပိုင်း(၃)တို့တွင် ပြည်သူများတက်ကြွစွာလာရောက်ဆန္ဒမဲပေးသည်များကိုတွေ့ရခြင်းအားဖြင့် ရွေးကောက်ပွဲအပေါ်ယုံကြည်မှုအပြည့်အဝရှိကြောင်း သိသာထင်ရှားသည်။

ယခုကျင်းပလျက်ရှိသည့်ရွေးကောက်ပွဲစနစ်အနေဖြင့်လည်း လွယ်ကူလျင်မြန်ပြီးအချိန်ကုန်သက်သာသည့်အတွက် ဆန္ဒမဲပေးသူများအဆင်ပြေပြေရှိကြသည်။ မဲပေးရမည့်ပုံစံအနေဖြင့် ကြိုတင်မဲများမှလွဲ၍ မဲရုံများတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်များကိုအသုံးပြုထားသည်။ အဆိုပါမဲပေးစက်မှာ နိုင်ငံတကာတွင်အသုံးပြုနေကြသည့်မဲပေးစက်များကိုလေ့လာပြီး မြန်မာနိုင်ငံနှင့်အသင့်လျော်ဆုံးဖြစ်အောင် မြန်မာပညာရှင်များက တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ပွင့်လင်းမြင်သာမှုရှိပြီး မိမိဆန္ဒပြုသည့်ကိုယ်စားလှယ်မှန်ကန်မှုရှိ/မရှိချက်ချင်းသိရှိနိုင်သည်။ မဲပေးစက်တွင် ပြင်ပနှင့်ချိတ်ဆက်ထားခြင်းမရှိသည့်အတွက် မဲမသမာမှုလုံးဝမဖြစ်နိုင်ပေ။

ယခုကျင်းပလျက်ရှိသည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင် မဲမသမာမှုဖြစ်စဉ်များမဖြစ်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသော၊ ဂုဏ်သိက္ခာရှိသောအထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့်ရွေးကောက်ပွဲဖြစ်မည်ဟူ၍ အာမခံထားသည့်အတိုင်း **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပဆောင်ရွက်ခဲ့ပြီး**ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။


**ကျန်းမာရေးဝန်ကြီးဌာန**

**(၅၄)ကြိမ်မြောက်မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ**

**၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၆ ရက် မှ ၃၀ ရက်**

**ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)** **အမှတ်(၅)၊ ဇီဝကလမ်း၊ရန်ကုန်မြို့**


# ခန္တီးမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

ခန္တီး ဇန်နဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော မိုးစပါး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ စာရင်းများအရ သိရသည်။

ခန္တီးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးသီးနှံ ၈၃၀၆ ဧကအထိစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောမိုးစပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလမှစတင်၍ ရိတ်သိမ်းကြရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်အထိ ရာနှုန်းပြည့် ဧကရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၆၇ ဒသမ ၆၅ တင်းထွက်ရှိကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ခန္တီးမြို့နယ်မှာ မိုးစပါးဧက ၈၃၀၆ ဧကအထိပဲစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့စပါးခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးမှုအနေနဲ့ လျာထားချက်ဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ ဆောင်ရွက်ပေးတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့တယ်”ဟု ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ခန္တီးမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်ကြကြောင်း သိရသည်။ (၄၀၉)


မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၄၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm



**✻ နိုင်ငံတော်အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပြည်သူများ စိတ်နှလုံးအေးချမ်းစွာမဲဆန္ဒပေးနိုင်ရေးအတွက် လိုအပ်ချက်မရှိ အောင်ဖြည့်ဆည်းပေးထားသည် . . .**

**✻ ရွေးကောက်ပွဲကျင်းပရန် မြို့နယ်ပေါင်း ၃၃၀ အနက် ၂၆၃ မြို့နယ်တွင် ရွေးကောက်ပွဲကျင်းပခြင်းဖြစ်ပြီး ကျန်ရှိသည့် မြို့နယ်များကိုလည်း ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပေး မည် . . .**

# ပိုမိုသစ်လွင်တောက်ပလာတော့မည့် နိုင်ငံတော်၏အနာဂတ်

ဘုန်းမောင်ဝင်း(ဖျာပုံ)

မြန်မာနိုင်ငံသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိသည်။ ပါတီစုံဒီမိုကရေစီစနစ်၏အသက်သည် လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲဖြစ်သည်။ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်မှသာလျှင် ပြည်သူ့ဆန္ဒ အစစ်အမှန်ကို ထင်ဟပ်ပေါ်လွင်စေမည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ကိုင်တွယ်ကျင့်သုံးမည့် အစိုးရအဖွဲ့၊ သက်ဆိုင်ရာလွှတ်တော် အသီးသီး၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ပြည်နယ်အဆင့် အစိုးရအဖွဲ့နှင့် အဖွဲ့အစည်းအသီးသီးတို့ကို ရွေးကောက်ပွဲဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပြည်သူကရွေးချယ်ရခြင်းဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတပြီး မိမိနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီဆောင်ရွက်သော ရွေးကောက်ပွဲမျိုးဖြစ်ရပေမည်။

လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေးဆိုသည်မှာ ရွေးကောက်ပွဲများကိုဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းနှင့် လွတ်လပ်၍တရားမျှတပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များဖြစ်သည့် နိုင်ငံသားတိုင်း ဥပဒေနှင့်အညီ မဲပေးပိုင်ခွင့်ရှိစေရေး၊ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေး၊ ပွင့်လင်းမြင်သာစွာမဲပေးရေး၊ မဲရေတွက်ခြင်းနှင့် ရလဒ်များထုတ်ပြန်နိုင်ရေး၊ လွတ်လပ်၍တရားမျှတသော မဲဆွယ်စည်းရုံးရေးနှင့် သာတူညီမျှအခွင့်အရေးများ ဆောင်ရွက်ခွင့်ရရှိရေး၊ လုံခြုံရေး၊ အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုမရှိစေရေး၊ အငြင်းပွားမှုကိုဖြေရှင်းရေး၊ ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က သမာသမတ်ကျအောင်ဆောင်ရွက်ရေးတို့ဖြစ်သည်။

ရွေးကောက်ပွဲတစ်ရပ်ကျင်းပရာတွင် မဲစာရင်းများ တိကျမှန်ကန်ရေးသည်လည်း အရေးကြီးသည့်အချက်ပင်ဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲစာရင်းများပြည့်စုံမှန်ကန်စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် စနစ်တကျပူးပေါင်းဆောင်ရွက်သည်။ မဲစာရင်းများကိုလည်း အများပြည်သူများသိရှိနိုင်စေရန်အတွက် သုံးကြိမ်တိုင်တိုင်ကပ်ထားပေးသည်။ မိမိအမည်မပါလျှင်၊ မှားယွင်းနေလျှင် ရွေးကောက်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်ပေးနိုင်ရန်အတွက် ဆောင်ရွက်ခြင်းဖြစ်သည်။ မဲစာရင်းထပ်ခြင်း၊ မှားယွင်းခြင်းမရှိစေရန်စနစ်တကျပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့သည်။ ပြည်သူအားလုံးပါဝင်မှုရှိစေရန်အတွက် ပထမဆုံးအကြိမ်မဲပေးမည့်မဲဆန္ဒရှင်လူငယ်များ၊ ယာယီနေရပ်စွန့်ခွာနေရသူများနှင့်မသန်စွမ်းသူများအားလုံးပါဝင်စေရန် အသိပညာပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဖြည့်စွက်ခြင်းများဆောင်ရွက်ပေးခဲ့သည်။

**ရွေးကောက်ပွဲတစ်ရပ်သည် ဆန္ဒမဲပေးခြင်းနှင့်စတင်ပြီး ရလဒ်များထုတ်ပြန်ကြေညာလိုက်သည်နှင့်ပြီးဆုံးသွားသည့် လုပ်ငန်းစဉ်မျိုးမဟုတ်ပေ။ တစ်ခုနှင့်တစ်ခုချိတ်ဆက်လျက်ရှိသည့်လုပ်ငန်းစဉ်များဖြင့် ပေါင်းစပ်ထားသည့်တစ်ဆက်တစ်စပ်တည်းသော ဖြစ်စဉ်ကြီးတစ်ခုဖြစ်သည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တိုင်းမှာ တစ်ခုနှင့်တစ်ခုများစွာမှီခိုလျက်ရှိသည့်အလျောက် လုပ်ငန်းစဉ်တစ်ခုပျက်ယွင်းပါက လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်နိုင်မည်မဟုတ်ချေ။ ရွေးကောက်ပွဲတစ်ခု၏စံနှုန်းကို လွတ်လပ်ပြီးတရားမျှတမှုရှိ/မရှိ Free and Fair ဖြစ်၊ မဖြစ်ဟူသည့် ပေတံဖြင့် တိုင်းတာလေ့ရှိသည်။ ယင်းသို့တိုင်းတာသုံးသပ်ရာတွင် ရွေးကောက်ပွဲကျင်းပသောနေ့တစ်နေ့တည်း၏ဖြစ်စဉ်ကိုလေ့လာသုံးသပ်ရုံမျှမက ရွေးကောက်ပွဲစက်ဝန်း(Election Circle)ပါ ကာလများဖြစ်သည့် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနောက်ပိုင်းကာလများကိုပါ ထည့်သွင်းလေ့လာသုံးသပ်ရမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲသည် အစ၊ အလယ်၊ အဆုံး သုံးခုလုံး မှတ်ကျောက်တင်ခံနိုင်သည့် ရွေးကောက်ပွဲဖြစ်ခဲ့သည်။**

**ယခုအခါမြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့်ရွေးကောက်ပွဲသည်လွတ်လပ်၍ တရားမျှတမှုရှိသည့်အပြင် ညီမျှမှုရှိသော ရွေးကောက်ပွဲဖြစ်စေရန် ဘက်ပေါင်းစုံမှ ကြိုတင်ပြင်ဆင်ပေးထားသည်။ ရွေးကောက်ပွဲကို လုံခြုံရေးနှင့်စီမံခန့်ခွဲရေးကိစ္စရပ်များစနစ်တကျဆောင်ရွက်နိုင်ရန်အတွက် အပိုင်းသုံးပိုင်းခွဲ၍ကျင်းပပေးခဲ့သည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင်စတင်ကျင်းပခဲ့သည့်အထွေထွေ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းရှိပြီး နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ယှဉ်ပြိုင်မည့်ပါတီ ၆ ပါတီနှင့်တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုအတွင်း ယှဉ်ပြိုင်မည့် ပါတီ ၅၁ ပါတီစုစုပေါင်း ၅၇ ပါတီရှိသည်။ ရွေးကောက်ပွဲကျင်းပရန်မြို့နယ်ပေါင်း ၃၃၀ အနက် ၂၆၃ မြို့နယ်တွင်ရွေးကောက်ပွဲကျင်းပခြင်းဖြစ်ပြီး ကျန်ရှိသည့်မြို့နယ်များကိုလည်း ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးမည်ဖြစ်သည်။**

မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့နှင့်သက်ဆိုင်သော ရွေးကောက်ပွဲသာဖြစ်သည့်အတွက် မလိုလားအပ်သော အနှောင့်အယှက်များ၊ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်သည့်လုပ်ရပ်နှင့်အပြောအဆိုများမှာ နေလာနှင်းပျောက်သည့်ပမာ မကြာမီတွင် ကွယ်ပျောက်သွားတော့မည်ဖြစ်သည်။ မြန်မာ့ရွေးကောက်ပွဲနှင့်ပတ်သက်၍ လွတ်လပ်ခြင်း၊ တရားမျှတခြင်းရှိ၊ မရှိနှင့် မဲဆန္ဒရှင်ပြည်သူများ၏စိတ်နေသဘောထားများကို အနီးကပ်စောင့်ကြည့်လေ့လာအကဲခတ်နိုင်ရန်အတွက် နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ ပြည်တွင်းမှစောင့်ကြည့်လေ့လာရေးအဖွဲ့များလည်း လာရောက်ကြည့်ရှုလေ့လာခဲ့ကြပြီးဖြစ်သည်။ ဇန်နဝါရီလ ၂၅ ရက်က ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၃)သို့ နိုင်ငံတကာစောင့်ကြည့်လေ့လာသူများအဖြစ် ဘယ်လာရုစ်သမ္မတနိုင်ငံ ဘယ်လာရုစ်ပါတီမှကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံရွေးကောက်ပွဲကော်မရှင်မှကိုယ်စားလှယ်အဖွဲ့၊ နီပေါနိုင်ငံရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံရွေးကောက်ပွဲကော်မရှင်မှကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယနိုင်ငံမှကိုယ်စားလှယ်အဖွဲ့နှင့် ICAPP အဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့တို့ လာရောက်ခဲ့ကြသည်။

မြန်မာ့ရွေးကောက်ပွဲသည် မြန်မာပြည်သူများ၏ အကျိုးအတွက်သာ ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ ပြည်သူလူထုကတစ်ခဲနက်လာရောက်မဲပေးကြသည်။ ရွေးကောက်ပွဲကို ပြည်သူတို့ စိတ်ပါဝင်စားမှုရှိကြောင်းကို ဆန္ဒမဲလာရောက်ပေးကြသည့်ပြည်သူများက သက်သေခံလျက်ရှိသည်။ ရွေးကောက်ပွဲ အနီးကပ်လာရောက်လေ့လာစောင့်ကြည့်နေကြသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများကပင် တအံ့တသြဖြစ်လောက်အောင် မနက် ၆ နာရီမထိုးမီကတည်းက မဲရုံရှေ့တွင် တန်းစီစောင့်ဆိုင်းနေကြသည်။ ပြည်သူများအနေဖြင့် သူတို့၏လူမှုစီးပွားဘဝအရေးတွင် အဖျက်အမှောင့်၊ အနှောင့်အယှက်၊ အတားအဆီးများမလိုလားပေ။ အေးချမ်းစွာနေထိုင်လိုကြသည်။ ပညာကိုအေးချမ်းစွာသင်ကြားသင်ယူလိုကြသည်။ စီးပွားရေးရှာဖွေလိုကြသည်၊ ထို့ကြောင့်သူတို့လိုလားသော အစိုးရတစ်ရပ်ပေါ်ထွန်းလာရေးကို မျှော်လင့်ချက်ဖြင့် လာရောက်မဲထည့်ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပြည်သူများစိတ်နှလုံးအေးချမ်းစွာမဲဆန္ဒပေးနိုင်ရေးအတွက် လိုအပ်ချက်မရှိအောင်ဖြည့်ဆည်းပေးထားသည်။ အထူးသဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေထုတ်ပြန်ကာ ထိရောက်စွာအရေးယူခြင်းမှာလည်း ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ထိရောက်သည့် ကာကွယ်မှုဖြစ်သည်။ မည်သူ့ကိုမျှ အကျိုးမရှိသည့်အဖျက်လုပ်ရပ်များကို လုပ်ဆောင်သူများအား ထိရောက်စွာ အရေးယူအပြစ်ပေးခြင်းကြောင့်လည်း ပါတီများအနေဖြင့် မဲဆွယ်စည်းရုံးဟောပြောခြင်းလုပ်ငန်းများကို ကောင်းမွန်စွာဆောင်ရွက်နိုင်ခဲ့ကြသည်။

“နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေးနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုအောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ရေး” ဟူသော အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ဦးတည်ချက်များအတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကိုအောင်မြင်ပြီးမြောက်စွာကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အချုပ်အခြာအာဏာပိုင်ဆိုင်သောလွတ်လပ်သည့်နိုင်ငံဖြစ်သည်။ ကမ္ဘာ့ပထဝီဝင်အနေအထားအရ ပြောင်းလဲကျင့်သုံးလာသည့် ပထဝီနိုင်ငံရေး၏ အရေးပါသော တည်နေရာအနေအထားကြောင့်နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကမ္ဘာ့အင်အားကြီးနိုင်ငံများမှ ဝင်ရောက်စွက်ဖက်လွှမ်းမိုးခြယ်လှယ်မှုများ မပြုလုပ်နိုင်စေရန် **စာမျက်နှာ ၄ သို့◆**

❑ စာမျက်နှာ ၅ မှအဆက်

ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ ဘွဲ့အဆင့်သတ်မှတ်ချက်များ၊ ပညာရပ်ပိုင်းဆိုင်ရာ သတ်မှတ်ချက်များအလိုက် ခံစားခွင့်များ တိုးမြှင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ပညာရေးကို မြှင့်တင်နိုင်ရေးအတွက် သင်ကြားရေးတာဝန်ထမ်းဆောင်နေကြသည့် ပညာရေးဝန်ထမ်းများကို ဦးစွာမြှင့်တင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အများစုအားဖြင့် အစိုးရကျောင်းများကိုသာ အဓိကအားထားနေရခြင်းဖြစ်သဖြင့် ပညာရေးဝန်ထမ်းများ၏စွမ်းရည်ကို မြှင့်တင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကို အကောင်အထည်ဖော်တည်ဆောက်နိုင်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်သည်ဖြစ်သောကြောင့် ပညာရေးကိုအားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မန္တလေးတိုင်းဒေသကြီးအနေဖြင့်ဆီထွက်သီးနှံအဓိကထွက်ရှိပြီး အထွက်နှုန်းများ တိုးမြှင့်ရရှိရေးအလေးထားဆောင်ရွက်သွားရန် လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ပြီး တိုင်းပြည်စီးပွားရေးကောင်းမှသာ ဝယ်လိုအားနှင့်ရောင်းလိုအားများ ကောင်းလာမည်ဖြစ်ပြီး လည်ပတ်ရင်းနှီးငွေများပြားခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခြင်း အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း အဓိကဖြစ်ထွန်းအောင်မြင်သည့် ဆီထွက်သီးနှံနှင့် ပဲသီးနှံတို့ကို ယခုထက်မည်ကဲ့သို့ကောင်းမွန်အောင်ဆောင်ရွက်သွားမည်ကို ကော်မတီဖွဲ့စည်း၍ စနစ်တကျဖြင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်မှုဇုန်များ၌ MSME လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့လို့သာလျှင် နိုင်ငံတော်၏စီးပွားရေးသည် အပေါင်းလက္ခဏာဘက်သို့ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အသက်ပင်ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် အရည်အသွေးပြည့်မီသည့် ဈေးကွက်ဝင် MSME ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်သွားရမည်ဖြစ်ကြောင်း။

မန္တလေးတိုင်းဒေသကြီးအနေဖြင့်အစိုးရအဖွဲ့၏ကြိုးပမ်းအားထုတ်မှု၊ ဒေသခံများ၏ စည်းကမ်းစနစ်တကျရှိမှုနှင့် အလုပ်လုပ်ကိုင်လိုစိတ်ရှိမှု တို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ များစွာကိုမြင်တွေ့ရသဖြင့် ဝမ်းမြောက်အသိအမှတ်ပြုပါကြောင်း၊ ယခုကဲ့သို့ကောင်းမွန်သည့် အချက်အလက်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်၍ နောင်တက်လာမည့်အစိုးရကို ကောင်းမွန်စွာ လက်ဆင့်ကမ်းနိုင်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်မှုဇုန်အတွင်း ရော်ဘာထုတ်ကုန်များ ထုတ်လုပ်လျက်ရှိမှုနှင့်ပတ်သက်၍ တင်ပြဆွေးနွေးမှုအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ပြန်လည်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တောင်ကြီးမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားကျင်းပ

တောင်ကြီး ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်ရှိ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်တို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘင်ခရာ၊ ပန်းဖွားနှင့် အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကာယ၊ ဉာဏပြိုင်ပွဲများ၊ စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် ပြခန်းတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အခမ်းအနားကို သုံးထပ်ဆောင်ခန်းမ၌ ကျင်းပရာ အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အလှဆုံးပန်းများပွင့်ကြပြီသီချင်းဖြင့် တေးသရုပ်ဖော်တင်ဆက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကား ပြောကြားပြီး တောင်ကြီးမြို့နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်စန္ဒာသက် (စာရေးဆရာမ ငွေခြည်လင်းလက်)က သုတ၊ ရသ စာအုပ်နှင့်အလှူငွေများ ပေးအပ်လှူဒါန်းရာ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(၄၀၅)

◆ စာမျက်နှာ ၃ မှအဆက်

မျက်ခြည်မပြတ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်လိုအပ်သည်။ ဒီမိုကရေစီကျင့်သုံးရာတွင် အများဆန္ဒဖြင့်ဆောင်ရွက်ကြသော်လည်း အခြေခံအကျဆုံးလိုအပ်ချက်သည် တရားဥပဒေကိုစောင့်ထိန်းလိုက်နာကျင့်သုံးခြင်းပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသည် အစိုးရအဖွဲ့အစည်းများကိုတရားဝင်ဖြစ်စေခြင်းနှင့် နိုင်ငံသားများ၏အခွင့်အရေးများကို အာမခံရခြင်းဖြစ်သည်။ ပါတီနိုင်ငံရေးဆောင်ရွက်ကြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလေးစားလိုက်နာရန်အထူးလိုအပ်သည်။ နိုင်ငံတော်၊ နိုင်ငံသားများ၏ ကောင်းကျိုးကိုလိုလားသူများ ဖြစ်ကြရသည်။

ထို့ကြောင့် ပြည်သူလူထုအနေဖြင့် ၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတော်နှင့်ဒေသအကျိုးကိုဆောင်ရွက်ပေးနိုင်သည့်သူ၊ အမျိုးဘာသာသာသနာအကျိုးကိုသယ်ပိုးထမ်းရွက်နိုင်မည့်သူ၊ နိုင်ငံတည်ရှိနေသရွေ့ တည်တံ့ခိုင်မြဲစွာတည်ရှိနေမည့် တပ်မတော်နှင့်လက်တွဲဆောင်ရွက်နိုင်မည့်သူ၊ ဥပဒေပြုရေးလုပ်ငန်းများကိုဆောင်ရွက်မည်ဖြစ်၍ ဥပဒေကိုသိရှိနားလည်သူ၊ ပညာတတ်ကိုယ်စားလှယ်လောင်းများကို ပြည်သူတို့က တစ်ခဲနက်ဆန္ဒပြုရွေးချယ်ခဲ့ကြပြီးဖြစ်သည်ဟု စာရေးသူက အပြည့်အဝယုံကြည်မိပါသည်။ ယခုအခါ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းရပ်များအောင်မြင်စွာပြီးစီးခဲ့ပြီဖြစ်သည့်အတွက် နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များတွင် တာဝန်ထမ်းဆောင်မည့်သူပေါ်ပေါက်လာတော့မည်ဖြစ်၍ မြန်မာနိုင်ငံ၏အနာဂတ်သည် ပိုမိုလှပသစ်လွင်တောက်ပကာ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

**❋ ယခုအခါ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းရပ်များ အောင်မြင်စွာပြီးစီးခဲ့ပြီဖြစ်သည့်အတွက် နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးမဏ္ဍိုင်များတွင် တာဝန်ထမ်းဆောင်မည့်သူပေါ်ပေါက်လာတော့မည်ဖြစ်၍ မြန်မာနိုင်ငံ၏အနာဂတ်သည် ပိုမိုလှပသစ်လွင်တောက်ပကာ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ် . . .**

## MWD Education,Knowledge & Sports Channel

၂၆-၁-၂၀၂၆ (တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade -6 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၇:၂၀ | Grade-6 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊သင်္ချာ(၂) |
| ၃။ | ၁၇:၂၀ - ၁၉:၁၅ | Grade-6 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |
| ၄။ | ၁၉:၁၅ - ၁၉:၂၈ | Grade-3 | မြန်မာစာ၊ သိပ္ပံ |

## MWD Variety Channel

၂၆-၁-၂၀၂၆(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၄၀ | စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ |
| ၂။ | ၁၀:၄၅ | Countries of the World |
| ၃။ | ၁၂:၃၀ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ |
| ၄။ | ၁၃:၃၅ | လူငယ်များရဲ့စွမ်းပကား နိုင်ငံတော်ရဲ့အား |

# သမိုင်းသစ်ကိုဖွင့်လှစ်ကြစို့

♦ ရွေးကောက်ခံ အပိုင်း(၁)နဲ့(၂)တို့
မှတ်တမ်းလှစ်ကာ အတည်။
အောင်ပွဲခံ အပိုင်း(၃)လည်း
ပြီးမြောက်ခဲ့ပြီ။
ရည်မှန်းတောင့်တ ဒီမိုကရေစီ
ဖော်ဆောင်ရည် ပေါ်ထွန်းရေး။
ရွေးချယ်မှန် ဆန္ဒပြု
တွေးရှု ပြည်ရေး။

♦ ပြည်သူတွေ လိုလားခဲ့ကြ
ဆန္ဒများနဲ့ ပြည်ကျိုးရွယ်။
ကိုယ်စားလှယ်စုံ ဆန်းစစ်တွေးရင်း
မဲပေးရွေးချယ်။
တာဝန်ပေး ထိုက်တန်စွာရယ်
လှူဘောင်နယ် ကျေပွန်လို့။
“ဖက်ဒရယ်မူ ပြည်ထောင်စုလမ်း”
တက်လှမ်းနိုင်ဖို့။

♦ အနာဂတ် သမိုင်းသစ်
ဖွင့်လှစ်ဖို့ တက်လှမ်းချီ။
တိုးတက်ကာ ဖွံ့သစ်ဖြိုးမယ့်
ပြည်ကျိုး မှန်းရည်။
ပြည်သူ့အစိုးရနဲ့ ပြည်သစ်တည်
တွဲလက်ညီ ပန်းတိုင်သို့။
ရေမြင့်၊ ကြာမြင့်စွ လှဂုဏ်ရည်
ခေတ်မီမီ ဝင့်ထည်ဖို့။
အောင်ခြင်းဝေစည်
ဆောင်နှင်းရွှေပြည်
တက်နေခြည် ရောင်ဖြာတင့်ရအောင်
ကြွားဝင့်ဆောင် အနာဂတ်ရေးတွက်
ပြည်ရေးယှဉ် ညီညာမနေးပါဘဲ
မဲပေးကာ သွေးဆုံဝိုင်းကာပ
ပြည့်အရဏ် သမိုင်းသစ်ကို
(မျိုးချစ်ဆွေတို့ရေ...)
ဖွင့်လှစ်ကြစို့။ ။

တက်နေထွန်း

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးမြို့၊ မြို့အင်္ဂါရပ်နှင့်အညီဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြား

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မန္တလေးမြို့၊ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) ကျင်းပနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် တစ်ခဲနက်လာရောက်ဆန္ဒမဲများပေးနေကြသည်ကိုတွေ့မြင်ရပြီး လူငယ်လူရွယ်များ၊ လူလတ်ပိုင်းများလည်း အများအပြားပါဝင်ကြကြောင်း၊ လူငယ်လူရွယ်များအနေဖြင့် ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုရှိသည်မှာ ကောင်းမွန်သည့်လက္ခဏာပင်ဖြစ်ကြောင်း၊ ထိုသို့လိုက်လံကြည့်ရှုအားပေးစဉ် မန္တလေးမြို့အတွင်းရှိလမ်းမကြီးများ၊ လမ်းသွယ်များနှင့် မြို့တွင်းသန့်ရှင်းသာယာလှပမှု ကောင်းမွန်လျက်ရှိသည်ကို တွေ့ရှိရပြီး စည်ပင်သာယာရေးဆိုင်ရာတာဝန်ရှိသူများ၏ လုပ်ငန်းတာဝန်ကျေပွန်မှု၊ မြို့သူမြို့သားများ၏စည်းကမ်းစနစ်တကျရှိမှုကြောင့်ဖြစ်သည်ကို ဝမ်းမြောက်အသိအမှတ်ပြုပါကြောင်း၊ ယခုရွေးကောက်ပွဲ အပိုင်း(၁)၊ အပိုင်း(၂)နှင့်အပိုင်း(၃)တို့ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သဖြင့် လာမည့်မတ်လကုန်တွင် အစိုးရသစ်တစ်ရပ်တက်လာမည်ဖြစ်ကြောင်း၊ အစိုးရသစ်တစ်ရပ်မဖွဲ့စည်းမီ ကြားကာလအတွင်း မန္တလေးမြို့အနေဖြင့် မြို့သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ကြားကာလ ၂ လတာအတွင်း ဆောင်ရွက်ပြီးစီးနိုင်မည့် မြို့သာယာလှပရေးလုပ်ငန်းများကိုဦးစားပေးအနေဖြင့်ဆောင်ရွက်သွားရန်မှာကြားလိုကြောင်း၊ အဓိကလမ်းမကြီးများ၌ လမ်းလယ်မျဉ်းများဆွဲခြင်း၊ လမ်းညွှန်အမှတ်အသားများ အသစ်ပြန်လည်ပြုလုပ်ခြင်းတို့အပါအဝင် အချိန်တိုအတွင်းပြီးစီးနိုင်မည့်လုပ်ငန်းများကို ဖော်ဆောင်သွားရန်လိုကြောင်း၊ လမ်းလယ်ကျွန်းများ၊ ပလက်ဖောင်းများ၌ သဲ၊ မြေကြီးနှင့် အမှိုက်များဖုံးနေခြင်းများကိုလည်း ရှင်းလင်းသွားရန်လိုကြောင်း၊ လမ်းများသန့်ရှင်းရေးနှင့်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေဖြင့်စနစ်တကျဆေးကြောခြင်း ဦးစွာဆောင်ရွက်ပြီးမှသာလျှင် ဆေးသုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ပလက်ဖောင်းများ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ ရေဝင်၊ ထွက်ပေါက်များပိတ်ဆို့မှုမရှိစေရေးနှင့် စနစ်တကျဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်ခြင်းတို့ကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း။

မန္တလေးမြို့အတွင်း လေထုညစ်ညမ်းမှုကိုလည်း စစ်ဆေးဆောင်ရွက်သွားရန်လိုပြီး ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်ထားသည်မှာလည်း ကောင်းမွန်သည်ကိုတွေ့မြင်ရသဖြင့် အသိအမှတ်ပြုပါကြောင်း၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏စည်းကမ်းစနစ်တကျရှိမှုကို ပြသနေခြင်းပင်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ဆရာ၊ ဆရာမများ၏ သင်ကြားရေးစွမ်းရည်ကိုလည်း သင်တန်းများပေး၍ မြှင့်တင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိရှိအသုံးချနိုင်ရေးအတွက်လည်း ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာအခြေခံသင်တန်းများအပြင် အခြားအကျိုးရှိစေမည့် နွေရာသီသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး ကြိုတင်စီမံထားရန်လိုကြောင်း၊ တပ်မတော်မှလည်း ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်(အခြေခံ)နှင့်(တန်းမြင့်)သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ပညာရေးတွင်လည်း ဆရာ၊ ဆရာမများမွေးထုတ်ပေးလျက်ရှိသည့် ပညာရေးဒီဂရီကောလိပ်များကို ဆရာအတတ်သင်တက္ကသိုလ်များအဖြစ် ပြောင်းလဲဖွင့်လှစ်ပေးနိုင်ရေး **စာမျက်နှာ ၄ သို့** ❑



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မန္တလေးမြို့၊ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့်သန့်ရှင်းသာယာလှပရေးတို့အတွက် လမ်းညွှန်မှာကြားစဉ်။

**❖ လူငယ်လူရွယ်များအနေဖြင့် ရွေးကောက်ပွဲအပေါ်စိတ်ဝင်စားမှုရှိသည်မှာ ကောင်းမွန်သည့်လက္ခဏာပင်ဖြစ် . . .**

**❖ ယခုရွေးကောက်ပွဲ အပိုင်း(၁)၊ အပိုင်း(၂)နှင့်အပိုင်း(၃)တို့ကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်သဖြင့် လာမည့်မတ်လကုန်တွင် အစိုးရသစ်တစ်ရပ်တက်လာမည်ဖြစ်၊ အစိုးရသစ်တစ်ရပ်မဖွဲ့စည်းမီ ကြားကာလအတွင်း မန္တလေးမြို့အနေဖြင့် မြို့သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ် . . .**

**❖ နိုင်ငံတော်၏ ပညာရေးကိုမြှင့်တင်နိုင်ရေးအတွက် သင်ကြားရေးတာဝန်ထမ်းဆောင်နေကြသည့် ပညာရေးဝန်ထမ်းများကို ဦးစွာမြှင့်တင်ဆောင်ရွက်ပေးနေခြင်းဖြစ်၊ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကို အကောင်အထည်ဖော်တည်ဆောက်နိုင်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်ကောင်းများမဖြစ်မနေလိုအပ်သည်ဖြစ်သောကြောင့် ပညာရေးကိုအားပေးဆောင်ရွက်နေခြင်းဖြစ် . . .**

**❖ MSME လုပ်ငန်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏အသက်ပင်ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကိုအခြေခံသည့် အရည်အသွေးပြည့်မီသည့် ဈေးကွက်ဝင် MSME ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်သွားရမည်ဖြစ် . . .**

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၅**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ၌ မန္တလေးတပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မန္တလေး တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

## ❐ မိမိတို့အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာဖြင့်ကျင်းပ ပြုလုပ်နိုင်ခဲ့ပြီး နိုင်ငံတကာမှရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့များလည်း လာရောက်လေ့လာခဲ့ကြကာ အပြုသဘောဆောင်သည့် မှတ်ချက်များစွာကိုလည်း ရရှိခဲ့ . . .

### ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှု

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)နှင့်(၂)အား အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အပိုင်း(၃)ကို ယနေ့တွင် ကျင်းပပြုလုပ်လျက်ရှိနေပြီဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲအပိုင်း(၃) ကျင်းပနေမှုများကို မိမိအနေဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် တက်တက်ကြွကြွဖြင့် ဆန္ဒမဲများပေးနေသည်ကို တွေ့ရှိရပြီး ထိုအထဲတွင် လူငယ်လူရွယ်များ၊ လူလတ်ပိုင်းများလည်း များစွာပါဝင်သည်ကို တွေ့ရှိရကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၁)နှင့်(၂)တွင် ပျမ်းမျှအားဖြင့် ပြည်သူလူထု ၅၅ ရာခိုင်နှုန်းခန့် ဆန္ဒမဲများပေးကြောင်းသိရသဖြင့် အောင်မြင်သည့်ရွေးကောက်ပွဲတစ်ခုဟု သတ်မှတ်နိုင်ပြီး ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုကိုတွေ့မြင်ရကြောင်း။

မိမိတို့နိုင်ငံ၏ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ အနိုင်ရရှိခဲ့ကြောင်း၊ ထို့နောက် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် NLD ပါတီက အနိုင်ရရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ပါတီစုံဒီမိုကရေစီအစိုးရသက်တမ်းနှစ်ဆက်တွင် ပြည်သူလူထုအနေဖြင့် ဆန္ဒမဲပေးကြသည့် စာမျက်နှာ ၇ သို့ ■

**■ စာမျက်နှာ ၆ မှအဆက်**

အတွေ့အကြုံများ ထိုက်သင့်သလောက်ရှိလာပြီဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့သောကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ လူမှာကတိ၊ မင်းမှာသစ္စာရှိသည်နှင့်အညီ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ချမှတ်ထားသည့်အတိုင်း မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝပြီး လွတ်လပ်၍ တရားမျှတမှုရှိသည့် ရွေးကောက်ပွဲတစ်ခုပြန်လည်ကျင်းပနိုင်ရေး စီမံဆောင်ရွက်ခဲ့ပြီး မဲမသမာမှုများဖြစ်ပေါ်မှုမရှိစေရေးအတွက် Myanmar Electronic Voting Machine (MEVM) စက်များကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မဲမသမာမှုမရှိသောရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရန်နှင့် ဆန္ဒမဲပေးကြသည့် ပြည်သူလူထုများ၏ ဆန္ဒအမှန်ဖြင့် လိုလားသည့်ရလဒ်များ ထွက်ပေါ်လာစေရန်ပင်ဖြစ်ကြောင်း။

အသက် ၁၈ နှစ်ပြည့်ပြီးသူများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆန္ဒမဲပေးနိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲများပေးနိုင်ရေး စီမံဆောင်ရွက်ပေးထားပြီး ဆန္ဒမဲပေးခြင်း၊ မပေးခြင်းသည် မဲဆန္ဒရှင်ပြည်သူများ၏ ရပိုင်ခွင့်ပင်ဖြစ်ကြောင်း၊ အချို့နိုင်ငံများတွင် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်၌ ဆန္ဒမဲပေးသူနည်းပါးသည့် နိုင်ငံများလည်းရှိကြောင်း၊ မိမိတို့ကျင်းပနေသည့် ရွေးကောက်ပွဲတွင်လည်း ဆန္ဒမဲပေးနိုင်သူ၏ထက်ဝက်ကျော် ဆန္ဒမဲများပေးခဲ့ကြသဖြင့် ရွေးကောက်ပွဲအောင်မြင်သည်ဟုဆိုနိုင်ကြောင်း။

မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပအပြီး အနိုင်ရရှိသည့်အစိုးရအဖွဲ့အား နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်ကိုပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေးဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ **မိမိတို့အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပြီးနိုင်ငံတကာမှရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များလည်း လာရောက်လေ့လာခဲ့ကြကာအပြုသဘောဆောင်သည့် မှတ်ချက်များစွာကိုလည်း ရရှိခဲ့**ကြောင်း၊ မိမိတို့ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲသည် အောင်မြင်သည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်ပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပါဝင်ထမ်းဆောင်ခဲ့ကြသူများအားလုံးကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုကျေးဇူးတင်ပါကြောင်း။

နိုင်ငံ့အရေးနှင့်နိုင်ငံရေးတို့ကိုဆောင်ရွက်ရာတွင် အားနှင့်မာန်နှင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန်အတွက် ပါတီများ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွဲ့စည်းခွင့်များပေးခဲ့ပြီး ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီကြီးများရှိသကဲ့သို့ ဒေသအလိုက် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများလည်း ရှိကြောင်း။

### တပ်မတော်၏ အခန်းကဏ္ဍ

တပ်မတော်သည် နိုင်ငံတော်တွင် အခိုင်အမာဆုံးသောအဖွဲ့အစည်းဖြစ်ပြီး လွတ်လပ်ရေးရရှိကတည်းကပင် ယနေ့အချိန်အထိ တည်ရှိနေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ မည်သို့ပင်ပြောင်းလဲခဲ့သည်ဖြစ်သော်လည်း တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဒွိတာဝန်အရေးသုံးပါးဦးထိပ်ထားလျက် ယနေ့ထက်တိုင် မမှိတ်မသုန် ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်၏ ပြည်ပရန်ကာကွယ်ရေးနှင့် ပြည်တွင်းလုံခြုံရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သို့သော်လည်း လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ဖြစ်ပေါ်လာခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများကြောင့် သောင်းကျန်းမှုနှိမ်နင်းရေးစစ်ဆင်ရေးများကို ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ရကြောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ထိန်းသိမ်းဆောင်ရွက်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏တာဝန်ဖြစ်သော်လည်း လိုအပ်ချက်အရ တပ်မတော်မှ ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်ကို ပြည်ပရန်မှကာကွယ်ရေးအတွက် တပ်မတော်ကို စဉ်ဆက်မပြတ် စွမ်းရည်၊ စွမ်းပကားများ မြှင့်တင်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မိမိတို့အား ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်နေရမည်ဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝသည့်တပ်မတော်၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့် တပ်မတော်ဖြစ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အရည်အချင်းပြည့်ဝရန်အတွက် လေ့ကျင့်သားပြည့်ဝနေရန်လိုပြီး တပ်မတော်သား တစ်ဦးချင်းအနေဖြင့် ကျန်းမာကြံ့ခိုင်ရမည်၊ တိုက်ရည်ခိုက်ရည်ရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်၊ စစ်နည်းဗျူဟာနှင့်စစ်လက်နက်ပစ္စည်းများအပေါ် ကျွမ်းကျင်မှုရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်သား

## ❒ တပ်မတော်အနေဖြင့် နိုင်ငံတော်တွင် ကျရောက်လာနိုင်သည့် မည်သည့်အန္တရာယ်ရန်စွယ်ကိုမဆို ကာကွယ်ရန် တာဝန်ရှိသည်ဖြစ်သဖြင့် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ် . . .

တစ်ဦးချင်းစီအလိုက်၊ တပ်၊ ဌာနချုပ်များအလိုက် တိုက်ပွဲဝင်အသင့်ဖြစ်စေရေးအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်လိုကြောင်း။

လုပ်ငန်းများကိုထမ်းဆောင်ရာတွင် ကာံ၊ ဉာဏ်၊ ဝီရိယများပေါင်းစပ်၍ မိမိတို့တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ကြရန်လိုကြောင်း၊ ကောင်းသည့်အလုပ်ကိုလုပ်မည်ဆိုပါက ကောင်းကျိုးကိုခံစားနိုင်မည်၊ မကောင်းသည့်အလုပ်ကို လုပ်ပါက မကောင်းကျိုးကို ခံစားရမည်ဖြစ်ကြောင်း၊ မိမိတို့ကို သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို ဉာဏ်ဖြင့်သုံးသပ်ဆင်ခြင်၍ ကျွမ်းကျွမ်းကျင်ကျင် အသုံးချဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းစီအလိုက် စစ်သားကောင်းတစ်ယောက်ပီသစွာ တာဝန်ထမ်းဆောင်ကြရန်လိုပြီး ထိုသို့ဆောင်ရွက်မှသာလျှင် တစ်ဦးချင်းစီ၏အရည်အသွေးများတက်လာမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်အနေဖြင့် ခေတ်အလိုက် နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်လာနေသည့်နည်းပညာများနှင့်အညီ စစ်အသုံးအဆောင်ပစ္စည်းများ တပ်ဆင်ပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စွမ်းအားရှိသည့်တပ်မတော်ဖြစ်စေရေးအတွက်ရှိသင့်ရှိထိုက်သည်များကို ဖြည့်တင်းပေးနေရမည်ဖြစ်သကဲ့သို့ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးအတွက်လည်း စစ်သည်တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် မှစ၍ ကျန်းမာကြံ့ခိုင်မှုရှိစေရေး၊ တိုက်ရည်ခိုက်ရည်နှင့်ရဲစွမ်းသတ္တိရှိစေရေး၊ စစ်နည်းဗျူဟာနှင့် စစ်လက်နက်ပစ္စည်းများအပေါ် ကျွမ်းကျင်မှုရှိစေရေး အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်ပေးနေရမည်ဖြစ်ကြောင်း၊ အလားတူ နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာနှင့် စစ်နည်းဗျူဟာများကိုလည်း ခေတ်နှင့်အညီ အသုံးချနိုင်ရေးဆောင်ရွက်ကြရန် လိုကြောင်း၊ စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်တစ်ရပ်ကို တည်ဆောက်သွားမည်ဆိုပါက မိမိတို့နိုင်ငံအပေါ် မည်သူကမျှ မလေးမစားပြုလုပ်နိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်တစ်ရပ်ကို အမြဲတမ်းဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် တပ်မတော်၌ အမျိုးသမီးစစ်မှုထမ်းများသည်လည်း အမျိုးသားများနှင့်ရင်ပေါင်တန်း၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင်ကောက်ယူခဲ့သည့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအချက်အလက်များအရ မိမိတို့နိုင်ငံတွင် အမျိုးသမီးဦးရေမှာ ပိုမိုများပြားသည်ကိုတွေ့ရှိရကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်တွင် အမျိုးသမီးများ၏လုပ်အားမှာ မနည်းသည်ကို တွေ့မြင်နိုင်ကြောင်း၊ တပ်မတော်သားမိသားစုဝင် မှီခိုသူမိသားစုများအချင်းချင်း အနေဖြင့် ညီရင်းအစ်ကို၊ မောင်ရင်းနှမ စိတ်ဓာတ်မွေး၍ စည်းလုံးညီညွတ်စွာဖြင့် နေထိုင်ဆောင်ရွက်ကြရန် လိုကြောင်း၊ စစ်သည်အင်အားနှင့် ရဲမေအင်အားများ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်၏ ကာကွယ်ရေးအင်အားစုမှာ များစွာ တောင့်တင်းခိုင်မာသည်ကိုတွေ့မြင်ရမည်ဖြစ်ပြီး စုစည်းညီညွတ်သည့်အားကို တန်ဖိုးထား ဆောင်ရွက်ကြရန်လိုကြောင်း။


အရာရှိ၊စစ်သည်များအနေဖြင့် ခေတ်နှင့်အညီပြောင်းလဲတိုးတက်နေသည့် သိပ္ပံနှင့်နည်းပညာများကိုလည်း လေ့လာနေကြရန်လိုကြောင်း၊ ဗဟုသုတများရရှိစေပြီး အသိအမြင်များတိုးပွားလာစေရေး၊ မိမိတို့တစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများတိုးတက်စေရေးအတွက် စာပေဖတ်မှတ်လေ့လာခြင်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စာပေဖတ်မှတ်လေ့လာခြင်းအားဖြင့် တစ်ဦးချင်းစွမ်းရည်များတိုးမြင့်လာနိုင်မည်ဖြစ်ပြီး တစ်ဦးချင်းစွမ်းရည်မှ တပ်မတော်တစ်ရပ်လုံး၏ စွမ်းရည်များ တိုးတက်လာစေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်၏ ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်း နောက်ခံအကြောင်းအရာများကို မှန်မှန်ကန်ကန်သိမြင်ရှုမြင်သုံးသပ်နိုင်ရေးအတွက်လည်း စာပေများဖတ်ရှုကြရန်လိုကြောင်း၊ တပ်မတော်၏ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ပါဝင်နေရမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက်ခေတ်အဆက်ဆက်ဆောင်ရွက်ချက်သမိုင်းကြောင်းများကိုလည်း လေ့လာကြရန်လိုကြောင်း၊ နိုင်ငံတော်ကို ဦးဆောင်ခဲ့ကြသည့် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ သမိုင်းကြောင်းများကိုလည်း လေ့လာကြရန်လိုကြောင်း၊ ထိုသို့ မိမိတို့နိုင်ငံ၏သမိုင်းကြောင်းများကို ဖတ်ရှုလေ့လာခြင်းဖြင့် မိမိတို့တပ်မတော်၏တာဝန်ထမ်းဆောင်ရမှုများကိုလည်း မှန်မှန်ကန်ကန်ဖြင့် သိရှိနားလည်လာမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ကြေးများနှင့် သက်စွန့်ဆံဖျားစရိတ်များ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်သားမိသားစုဝင်များ၏ နေရေး၊ စားရေးနှင့် ဝတ်ရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ တပ်မတော်အကြီးအကဲတစ်ဦးအနေဖြင့် မိမိဦးဆောင်ကွပ်ကဲအုပ်ချုပ်နေရသည့် အဖွဲ့အစည်းနှင့် မိမိတပ်ဖွဲ့ဝင်များကို မည်ကဲ့သို့မြှင့်တင်ဆောင်ရွက်ပေးရမည်ကို အမြဲမပြတ်စဉ်းစား၍ လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ **တပ်မတော်အနေဖြင့် နိုင်ငံတော်တွင် ကျရောက်လာနိုင်သည့် မည်သည့်အန္တရာယ်ရန်စွယ်ကိုမဆို ကာကွယ်ရန်တာဝန်ရှိသည်ဖြစ်သဖြင့် စွမ်းရည်စွမ်းအားရှိသည့်တပ်မတော်ဖြစ်စေရေးဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်**ကြောင်းဖြင့်မှာကြားပြီး အရာရှိ၊ စစ်သည်များ၏လိုအပ်ချက်များကို မေးမြန်းသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)


ပုလောမြို့နယ်
(၄၁၂)


ကျိုင်းတောင်းမြို့
ကိုကို(ပြန်/ဆက်)


လေးမျက်နှာမြို့နယ်
မြို့နယ်(ပြန်/ဆက်)


သီပေါမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မော်လမြိုင်ကျွန်းမြို့နယ်
ရဲကိုမောင်(ပြန်/ဆက်)


ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်
ဖြိုးစန္ဒာ(ဆိပ်ကမ်း)


# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)၌ မဲဆန္ဒရှင်ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ဆန္ဒမဲပေးနေမှုမြင်ကွင်းများ


ကျောက်ကြီးမြို့နယ်
မြို့နယ်(ပြန်/ဆက်)


အင်္ဂပူမြို့နယ်
ဝင်းဗိုလ်(ပြန်/ဆက်)


ဟိုင်းကြီးကျွန်းမြို့
လှိုင်မျိုးအောင်(ပြန်/ဆက်)


ညောင်ရွှေမြို့နယ်
စိုင်းအယ်ဘဲ


မြင်းခြံမြို့နယ်
ချစ်ဦးနွေ(မြင်းခြံ)


ကျေးသီးမြို့
မြို့နယ်(ပြန်/ဆက်)


ဓနုဖြူမြို့နယ်
အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)


ဇလွန်မြို့နယ်
ဝေယံ(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)တွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုမြင်ကွင်း



တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် တီတွတ်ပြင်ကျေးရွာရှိမဲရုံ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)ကျင်းပရာ ဇန်နဝါရီလ ၂၅ ရက် နံနက် ၆ နာရီမှစတင်၍ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)ကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုအသီးသီးရှိ မဲရုံများ၌ ဇန်နဝါရီလ ၂၅ ရက် နံနက် ၆ နာရီမှစတင်၍ ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)




ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်ရှိ မဲရုံအသီးသီး၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)ကို ဇန်နဝါရီလ ၂၅ ရက်တွင်ကျင်းပရာ ဆန္ဒမဲပေးခဲ့ကြသည့် လူငယ်များကို တွေ့ရစဉ်။ ဇေယျာထွန်း




စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်ရှိ မဲရုံအသီးသီး၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃) ကျင်းပရာ ဇန်နဝါရီလ ၂၅ ရက် နံနက် ၆ နာရီမှစတင်၍ မဲဆန္ဒရှင်ပြည်သူများက လွတ်လပ်စွာ စနစ်တကျဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်းရှိ မဲရုံ ၁၆၄ ရုံ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)ကို ဇန်နဝါရီလ ၂၅ ရက် နံနက်ပိုင်းတွင်ကျင်းပရာ ဆန္ဒမဲပေးခဲ့ကြသည့် ပြည်သူများကိုတွေ့ရစဉ်။ ဒေးဒရဲ(ပြန်/ဆက်)



ကချင်ပြည်နယ် ကာမိုင်းမြို့အတွင်း မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ မဲရုံများ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)ကို ဇန်နဝါရီလ ၂၅ ရက်တွင်ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာ ဆန္ဒမဲလာရောက်ပေးနေမှုကို တွေ့ရစဉ်။ ဖွဲ့သူရအောင်



ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပိုင်း(၃) ကျင်းပရာ ဇန်နဝါရီလ ၂၅ ရက် နံနက် ၆ နာရီမှ စတင်၍ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲ ပေးနေမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက ဇန်နဝါရီလ ၂၅ ရက် နံနက် ၆ နာရီမှစတင်၍ ငြိမ်းချမ်းစွာဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။ ခွန်အောင်(နောင်တရား)

# ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ဌာနနှင့်ပုဂ္ဂလိကအကျိုးတူ ပူးပေါင်းဆောင်ရွက်နေသောမီဒီယာလုပ်ငန်းများ ကြည့်ရှုအားပေး

**ရန်ကုန် ဇန်နဝါရီ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ဌာနနှင့်ပုဂ္ဂလိကတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်မီဒီယာလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဦးစွာ MyanSat DTH ထုတ်လွှင့်ရေးနှင့် ဖြန့်ချိရေးရုံးချုပ်သို့ရောက်ရှိစဉ် Chief Operation Officer ဦးသန့်စင်က ရုံးချုပ်အဆောက်အအုံငှားရမ်း၍ ပြင်ဆင်ဆောင်ရွက်ခဲ့မှုနှင့် ဖြန့်ခွဲနေရာချထားပြီး လုပ်ငန်းဆောင်ရွက်နေမှု၊ ပြည်တွင်း/ပြည်ပ ရုပ်သံလိုင်းပေါင်း ၁၅၆ လိုင်းဖြင့် စီစဉ်ထုတ်လွှင့်နေမှု၊ နိုင်ငံတစ်ဝန်း၌ ဖြန့်ချိရေးအရောင်းဆိုင် ၁၀၂ ဆိုင်ဖွင့်လှစ်ပြီး MyanSat STB တစ်သောင်းကျော် ရောင်းချထားရှိမှုအပြင် MRTV DTH STB များလည်း ရောင်းချပေးနေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထို့နောက် Shwe FM ထုတ်လုပ်ရေးရုံးသို့ရောက်ရှိရာ ရွှေသံလွင်မီဒီယာကုမ္ပဏီမှ MD ဦးမင်းမင်းက ထုတ်လုပ်ရေးရုံးနှင့် စတူဒီယိုတို့ နေရာခွဲခြားဆောင်ရွက်နေမှု၊ ပဲခူးတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့အတွက် ဦးစွာထုတ်လွှင့်ပေးခဲ့ရာမှ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွက် တိုးချဲ့ပြီး ထပ်ဆင့်လွှင့်စက်ရုံ ၁၇ ရုံမှ တစ်ဆင့် ထုတ်လွှင့်နေမှု၊ နေ့စဉ် နံနက် ၅ နာရီမှည ၁၁ နာရီအထိ စုစုပေါင်း ၁၈ နာရီ စီစဉ်ပြီး မြန်မာ့အသံသတင်းများကို နေ့စဉ် မွန်းလွဲ ၁ နာရီနှင့်ည ၈ နာရီတို့တွင်တိုက်ရိုက် ရယူ ထုတ်လွှင့်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့် 200 Meter Earth Station လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက သဘာဝဘေးဒဏ်ဖြစ်ပွားမှုများ ကြုံတွေ့ခဲ့ရသော်လည်း တာဝါတိုင်နှင့်အလုပ်ရုံတို့ ထိခိုက်မှုမရှိဘဲ ကြံ့ခိုင်ကောင်းမွန်မှု၊ လာမည့်နှစ်များတွင် တာဝါတိုင်အားဆေးသုတ်၍ ထိန်းသိမ်းရန်စီစဉ်ထားမှု၊ Satellite Transmitter Antenna လုပ်ငန်းစဉ်များ အတိုင်း MRTV, Forever, Skynet, ပတ္တမြား FM တို့ရယူအသုံးပြုနေမှု၊ Skynet DTH Control အား လှည့်လည်အသုံးပြုနေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် Forever ကုမ္ပဏီရုံးချုပ်သို့ ရောက်ရှိရာ CEO ဒေါက်တာဟိန်းထက်နှင့် အထွေထွေမန်နေဂျာ ဦးကျော်ကျော်တို့က ရုပ်သံလုပ်ငန်းများ နေရာခွဲခြားဆောင်ရွက်နေမှုများအနက် ယခုနေရာတွင် ရုံးချုပ်၏ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့်အတူ မန္တလေး FM နှင့် ပဒ္မဝတီ FM (Teen Radio) ထုတ်လုပ်ရေးနှင့် ထုတ်လွှင့်ရေးများဆောင်ရွက်နေမှု၊ Mandalay FM သည် နေပြည်တော်နှင့် တောင်ငူမြို့တို့တွင် မိုင် ၃၀ ပတ်လည်၊ ရန်ကုန်မြို့တွင် မိုင် ၆၀ ပတ်လည်နှင့် မန္တလေးမြို့တွင် မိုင် ၉၀ ပတ်လည်သို့ နေ့စဉ် ၁၈ နာရီကြာ ထုတ်လွှင့်၊ ရောက်ရှိမှု၊ ပဒ္မဝတီ FM ကို Teen Radioအမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အတွက် နေ့စဉ် ၁၈ နာရီ စီစဉ်ထုတ်လွှင့်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အသံလွှင့်စတူဒီယိုများကို လိုက်လံကြည့်ရှုပြီး အဆိုပါ FM ပရိသတ်များသို့ နှုတ်ခွန်းဆက်ပြောကြားမှုကို တိုက်ရိုက် (Live) ထုတ်လွှင့်မှုဖြင့် ပါဝင်ဆောင်ရွက်သည်။

ထို့ပြင် စတူဒီယို - အေနှင့် ဆက်စပ်စတူဒီယိုများပါဝင်သော အဆောက်အအုံအတွက် လျှပ်စစ်ဓာတ်အားချွေတာအသုံးပြုနိုင်သည့် Ton 250 , Chiller System ဖြင့် အဆင့်နှစ်ဆင့်ခွဲခြား၍ အစားထိုးတပ်ဆင်နေမှုတွင် ဒုတိယအဆင့် Ton 125 တပ်ဆင်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး အအေးဓာတ်ဖြန့်ခွဲနေရာ (AHU)များနှင့် အအေးဓာတ်ပေးပို့လိုင်း (Duct Line)များစစ်ဆေးပြုပြင်ရန်နှင့် ပုံမှန် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အရေးပေါ်ဓာတ်အားလိုင်းချွတ်ယွင်းမှုဖြစ်ပေါ်ပါက ၅၀၀ ကေဗွီအေ မီးစက်ကြီးနှစ်လုံးဖြင့် အချိန်နှင့်တစ်ပြေးညီ ဖွင့်လှစ်အသုံးပြုနိုင်ရန်အတွက် စက်ကြံ့ခိုင်ရေးအပါအဝင် စမ်းသပ်မောင်းနှင်ရေးကို စနစ်တကျဖြင့် မှတ်တမ်းထားဆောင်ရွက်ရန် မှာကြားကြောင်းသိရသည်။ **မြဝတီ**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ဌာနဆိုင်ရာများ၊ ဒေသခံများနှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တွေ့ဆုံ၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် Fire Hotspots ဖြစ်ပွားမှုလျှော့ချရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့က ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံမြို့နှင့် မိုင်းဖြတ်မြို့တို့တွင် ဌာနဆိုင်ရာတာဝန်ခံများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် Fire Hotspots ဖြစ်ပွားမှုလျှော့ချရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ယခုအချိန်ကာလ ပွင့်လင်းရာသီတွင် တောမီးနှင့်အခြားမီးလောင်ကျွမ်းမှုများကြောင့် Fire Hotspots ဖြစ်ပေါ်လာစေပြီး သဘာဝပတ်ဝန်းကျင်ကိုပျက်စီးစေသည့်အပြင် မီးခိုးမြူငွေ့များတွင် သာမန်မျက်စိဖြင့်မမြင်နိုင်သော PM $_{2.5}$ အမှုန်များသည် လူသားတို့၏ကျန်းမာရေးကို ထိခိုက်စေသည့်အတွက်ဝန်ကြီးဌာနအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ၊ ထိုင်းနှင့် လာအို သုံးနိုင်ငံပူးပေါင်း၍ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက် – Clear Sky Strategy (၂၀၂၄–၂၀၃၀)ကို ရေးဆွဲထုတ်ပြန်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ၂၀၂၅ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်းအထိ လျော့နည်းသွားသည်ကို တွေ့ရှိရ၍ ဆောင်ရွက်ချက်များအား အသိအမှတ်ပြုကြောင်းနှင့် ၂၀၂၆ ခုနှစ်တွင်လည်း ဆက်လက်လျော့နည်းသွားအောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ သဘာဝသယံဇာတများရေရှည်တည်တံ့ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့်ရာသီဥတုကောင်းမွန်ရေး၊ Fire Hotspots ဖြစ်ပွားမှုလျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးတို့ကို ဌာနအသီးသီးနှင့် အဖွဲ့အစည်းများ၊ ဒေသခံများအားလုံး အတူပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်းပြောကြားသည်။

ယင်းနောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က "နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးပူးပေါင်းပါဝင်ပေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က "သစ်တောထိန်းသိမ်းရေးနှင့် ကျေးလက်၊ မြို့ပြများရေရှည်ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း တင်ပြဆွေးနွေးကြပြီး




ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မိုင်းဖြတ်မြို့နယ် သစ်တောဦးစီးဌာနရုံးရှိ မြို့မပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားသော ပျိုးပင် ၁၁၃၀၀၀ ကျော်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုကော်မတီဌာနချုပ် သဘောထားထုတ်ပြန်ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဂမ်ဘီယာနိုင်ငံက နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့၊ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ) တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် တစ်မျိုးသားလုံး၏အကျိုးစီးပွားကို ထိပါးစေပြီး နိုင်ငံတကာအမြင်တွင် အထင်အမြင်လွဲမှားစေသည့် လုပ်ကြံစွပ်စွဲမှုများအား ကန့်ကွက်ရှုတ်ချအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါ်သီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ (Agent of Myanmar) သည် နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့၊ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် သမိုင်းရေးဖြစ်စဉ်၊ နိုင်ငံရေးအမြင်များဖြင့် ဂမ်ဘီယာနိုင်ငံ၏စွပ်စွဲချက်များအား ဥပဒေနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် ရင်ဆိုင်ဖြေရှင်းလျက်ရှိနေပါသည်။

ဤသို့မြန်မာကိုယ်စားလှယ်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် နိုင်ငံတော်နှင့်မြန်မာတစ်မျိုးသားလုံး၏ဂုဏ်သိက္ခာကိုတာဝန်ယူလျက် ဥပဒေ၊ သက်သေအထောက်အထားများနှင့်အညီ ရင်ဆိုင်ကြိုးပမ်းစွမ်းဆောင်နေမှုများကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ဂုဏ်ပြုထောက်ခံအပ်ပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ (Agent Of Myanmar) ၏တရားဥပဒေအပေါ် ယုံကြည်မှုအပြည့်အဝဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ဖြေရှင်းဆောင်ရွက်နေမှုများအား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ပြည်သူများနှင့်အတူ တစ်သားတည်းရပ်တည်လျက်ရှိပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**
**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃) သို့ လာရောက်လေ့လာကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်း



**နေပြည်တော် ဇန်နဝါရီ ၂၅**

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၃) သို့ လာရောက်လေ့လာခဲ့ကြသည့်နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ အား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာ စားပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန် မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

ညစာစားပွဲသို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ရန်ကုန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ ဘယ်လာရုစ်သမ္မတ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယား နိုင်ငံ ရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စား လှယ်အဖွဲ့၊ နီပေါနိုင်ငံရွေးကောက်ပွဲကော်မ ရှင်မှ ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှား နိုင်ငံရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စား လှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ်နှင့် International Conference of Asian Political Parties (ICAPP) အဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှတာဝန်ရှိ သူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မ ရှင်ရုံးမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန် ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည် တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲ၏ အရေးကြီးသည့် မှတ်တိုင်တစ်ခုဖြစ်သည့် ရွေးကောက်ပွဲအပိုင်း( ၃ )ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ တွင် အဆွေတော်တို့၏ ပါဝင်ဆောင်ရွက်ခဲ့မှု များကို ချီးကျူးမှတ်တမ်းတင်သည့်အနေဖြင့် ယနေ့ဂုဏ်ပြုညစာစားပွဲကို ကျင်းပပြုလုပ် ရခြင်းဖြစ်ပါကြောင်း။

ရွေးကောက်ပွဲကျင်းပသည့် လုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် ပါဝင်၍ စောင့်ကြည့် လေ့လာခဲ့ကြသည့်အတွက်မြန်မာနိုင်ငံတော် အစိုးရနှင့် မြန်မာနိုင်ငံပြည်သူများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ အဆွေ တော်တို့၏ စောင့်ကြည့်လေ့လာမှုသည် လွတ်လပ်မှုနှင့် တရားမျှတမှု၊ ပွင့်လင်း မြင်သာမှုကိုခိုင်မာစေရုံသာမက ရွေးကောက် ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများ၊ လွှတ်တော် ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင် ပြည်သူများနှင့် ရွေးကောက်ပွဲတွင် ပါဝင်သူ အားလုံး၏ ယုံကြည်မှုကို ပိုမိုခိုင်မာစေမည် ဖြစ်ပါကြောင်း။

နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံအဖွဲ့ဝင်များ၊ လုံခြုံ ရေးတာဝန်ထမ်းဆောင်ကြသူများ၊ အရပ် ဘက် လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြသူများ၊ အထူး သဖြင့် နိုင်ငံသားတစ်ဦး၏ တာဝန်သိစိတ် ဖြင့် လာရောက်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင် ပြည်သူများ၏ ကြိုးစားအားထုတ်မှုများကို အဆွေတော်တို့အနေဖြင့် မျက်ဝါးထင်ထင် မှတ်ကျောက်တင်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ပြည်သူများ၏ စိတ်အေးချမ်းသာယာ၊ ပျော်ရွှင်တက်ကြွစွာနှင့် နိုင်ငံအနာဂတ် အတွက် မဲပေးနေမှုများကို တွေ့မြင်သိရှိခဲ့ ကြပြီး ဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားကတစ်ဆင့် မြန်မာ နိုင်ငံနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့ အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် နားလည် မှုကို ပိုမိုခိုင်မာစေမည်ဟုယုံကြည်ကြောင်း၊ မိမိတို့နိုင်ငံ၏ စစ်မှန်ပြီး စည်းကမ်းပြည့်ဝ သည့်ပါတီစုံဒီမိုကရေစီစနစ်ကို တည်ဆောက် ရာမှာ အထောက်အကူဖြစ်စေမည့် အဆွေ တော်တို့၏ လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များကိုလည်း စောင့်မျှော်နေ ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်မှုသည် မြန်မာနိုင်ငံ၏ကောင်းမွန် သည့်အရွေ့တစ်ခုကို ဖော်ဆောင်နိုင်ခြင်း ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အပိုင်းသုံးပိုင်း လုံးကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိ ကြောင်းနှင့် တက်ရောက်လာကြသည့် အဆွေတော် တစ်ဦးတစ်ယောက်ချင်းစီကို လည်း ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်ဥက္ကဋ္ဌသည် ညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့် ဂုဏ်ပြု ညစာကိုအတူတကွသုံးဆောင်ကြပြီး ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ယဉ်ကျေးမှုအကအဖွဲ့ ၏ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအက များဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှု အားပေးခဲ့ကြပြီး ဖျော်ဖြေတင်ဆက်မှု အပြီးတွင် အနုပညာဦးစီးဌာနအဖွဲ့များ ကိုဂုဏ်ပြုပန်းခြင်းများနှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြဝတီ**



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ကျိုက္ကဆံလမ်း မဲရုံ(၁)၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးနေမှုကို နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ တာဝန်ရှိသူများ စောင့်ကြည့်လေ့လာကြစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၆၁) ရပ်ကွက် မဲရုံအမှတ်(၂)၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးနေမှုကို နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ တာဝန်ရှိသူများ စောင့်ကြည့်လေ့လာကြစဉ်။

၁ ကျောဖုံးမှအဆက်

ပါဝင် စောင့်ကြည့်လေ့လာခဲ့ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမျိုးလှိုင်နှင့်အတူ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အဖွဲ့များဖြစ်ကြသည့် ဘယ်လာရုစ်သမ္မတ နိုင်ငံမှ Ms. Volha N. Chamadanova ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘော ဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် Mr. Yich Samethy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ နီပေါနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Dr. Janaki Kumari Tuladhar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Ms. Yusti Erlina ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံမှ Mr. Mario Jose Armengol Campos ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ Mr. Nguyen Xuan Loc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယနိုင်ငံမှ Ms. Rami Niranjan Desai၊ International Conference of Asian Political Parties (ICAPP) အဖွဲ့မှ Dr. Chheng Kimlong ဦးဆောင် သောကိုယ်စားလှယ်အဖွဲ့နှင့် ပြည်တွင်း အခြေစိုက်နိုင်ငံတကာသံရုံးများမှကိုယ်စား လှယ်များသည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် မဲရုံအမှတ် (၂)၊ လမ်းမတော်မြို့နယ် အမှတ် (၈)ရပ်ကွက် မဲရုံအမှတ် (၁)၊ သာကေတ မြို့နယ် အမှတ် (၇) ရပ်ကွက်(အနောက်) မဲရုံအမှတ် (၁)နှင့် မဲရုံအမှတ်(၂)တို့၌လည်း ကောင်း၊ မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ် (၆၁) ရပ်ကွက် မဲရုံအမှတ် (၁)၊ တာမွေမြို့နယ် နတ်မောက် ရပ်ကွက် မဲရုံအမှတ် (၁)၊ ဗျိုင်းရေအိုးစဉ် ကွက်သစ်ရပ်ကွက် မဲရုံအမှတ် (၁)၊ ရန်ကင်း မြို့နယ် အမှတ်(၁၄)ရပ်ကွက် မဲရုံအမှတ် (၁) တို့၌လည်းကောင်း မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ လွှတ်တော်ကိုယ်စားလှယ် လောင်းများအား လွတ်လပ်စွာဆန္ဒပြု မဲပေးရွေးချယ်နေမှု၊ ရွေးကောက်ပွဲဆိုင်ရာ စံနှုန်းများ၊ အလေ့အကျင့်ကောင်းများနှင့် အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်နေမှု များကို လေ့လာစောင့်ကြည့်ကြပြီး မဲရုံမှူး များ၊ တာဝန်ရှိသူများ၊ မဲဆန္ဒရှင်ပြည်သူ များကိုတွေ့ဆုံ၍ ၎င်းတို့သိရှိလိုသည်များ ကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရ သည်။ **မြဝတီ**



ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၈) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မဲရုံ(၁)၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးနေမှုကို နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့များနှင့် ပြည်တွင်းအခြေစိုက်နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ တာဝန်ရှိသူများ စောင့်ကြည့်လေ့လာကြစဉ်။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃)ကို မြို့နယ်ပေါင်း (၆၁)မြို့နယ်၌ ကျင်းပပြုလုပ်



ကော့ကရိတ်မြို့နယ်၌ တိုင်းရင်းသား မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။



ဖားကန့်မြို့နယ်၌ တိုင်းရင်းသား မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။



ပင်လောင်းမြို့နယ်၌ တိုင်းရင်းသား မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။



လေးမျက်နှာမြို့နယ်၌ တိုင်းရင်းသား မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။



ကြာအင်းဆိပ်ကြီးမြို့နယ်၌ တိုင်းရင်းသား မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။



မိုးနဲမြို့နယ်၌ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။



သရက်ချောင်းမြို့နယ်၌ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။



ကာမိုင်းမြို့နယ်၌ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။



ပုသိမ်ကြီးမြို့နယ်၌ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။



ကျေးသီးမြို့နယ်၌ တိုင်းရင်းသား မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃) ကို ယနေ့ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက် နံနက် ၆ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း(၆၁)မြို့နယ်အတွင်း သတ်မှတ်မဲရုံအသီးသီး၌ ကျင်းပပြုလုပ်သည်။

မြန်မာနိုင်ငံ၏အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်တည်ဆောက်ရာ၌ အရေးပါဆုံးသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင် မြို့နယ် (၁၀၂) မြို့နယ်၌ လည်းကောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၂)ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်တွင် မြို့နယ် (၁၀၀) မြို့နယ်၌ လည်းကောင်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီးဖြစ်ပြီး ယနေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)ကို ဆက်လက်ပြုလုပ်ရာ ကချင်ပြည်နယ်တွင် ဗန်းမော်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ရွှေကူမြို့နယ်တို့၌

**စာမျက်နှာ ၁၃ သို့ →**



ကျောက်ကြီးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



ဖားကန့်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



စမ်းချောင်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



ညောင်ရွှေမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



ဆားလင်းကြီးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



လောင်းလုံးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။




ဗန်းမော်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



ကျောက်မဲမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



တောင်သာမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။

**➜ စာမျက်နှာ ၁၂ မှအဆက်**

လည်းကောင်း၊ ကရင်ပြည်နယ်တွင် ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကနီမြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် လောင်းလုံးမြို့နယ်၊ သရက်ချောင်းမြို့နယ်နှင့် ပုလောမြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ကျောက်ကြီးမြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ သဲကုန်းမြို့နယ်၊ ဝေါမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် မြစ်သားမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မလှိုင်မြို့နယ်၊ တောင်သာမြို့နယ်၊ မြင်းခြံမြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ သပိတ်ကျင်းမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဒဂုံမြို့နယ်၊ လမ်းမတော်မြို့နယ်၊ ဆိပ်ကြီး/ခနောင်တိုမြို့နယ်၊ ဒလမြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာကေတမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ တာမွေမြို့နယ်၊ ရန်ကင်းမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နှင့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်တွင် မက်မန်းမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ မိုးနဲမြို့နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းရှူးမြို့နယ်၊ သီပေါမြို့နယ်နှင့် ကျောက်မဲမြို့နယ်တို့၌ လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီးတွင်

**စာမျက်နှာ ၁၄ သို့ ➜**

➜ စာမျက်နှာ ၁၃ မှအဆက်

ရေကြည်မြို့နယ်၊ ငပုတောမြို့နယ်၊ ဒေးဒရဲမြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ဓနုဖြူမြို့နယ်၊ အင်္ဂပူမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဇလွန်မြို့နယ်နှင့် လေးမျက်နှာမြို့နယ်တို့၌လည်းကောင်း ကျင်းပပြုလုပ်ကြပြီး အဆိုပါမြို့နယ်များရှိ သတ်မှတ်မဲရုံအသီးသီး၌ ဒေသခံတိုင်းရင်းသားပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM) အသုံးပြု၍ ဆန္ဒမဲပေးခြင်းများကို ဆောင်ရွက်ကြသည်။



သုံးခွမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများဆန္ဒမဲပေးစဉ်။

ထိုသို့ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ဒေသခံတိုင်းရင်းသားပြည်သူများက သတ်မှတ်မဲရုံအသီးသီး၌ စနစ်တကျဆန္ဒမဲပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သား အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း သက်ဆိုင်ရာမဲရုံများသို့သွားရောက်၍ စနစ်တကျ ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆန္ဒမဲလာရောက်ပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်၊ အေးချမ်းစွာနှင့် အဆင်ပြေချောမွေ့စွာဆန္ဒမဲပေးနိုင်ရေးအတွက် လိုအပ်သည့် မော်တော်ယာဉ်များ၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးအဖွဲ့များနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို မဲရုံအသီးသီး၌ ကြိုတင်ပြင်ဆင်ထားရှိကြပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။





မဲပေးမှုပြီးဆုံးချိန်တွင် မဲရုံမှူးများနှင့် အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ရှေ့မှောက်၌ မဲပေးစက် (Control Unit) မှ ရလဒ်များကိုထုတ်ယူကာ စနစ်တကျရေတွက်ခြင်းနှင့် ကြိုတင်မဲများကို စနစ်တကျရေတွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပမှုနဲ့ပတ်သက်၍ မဲရုံအသီးသီးတွင်လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများရဲ့ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်။

"ညီမပေးလိုက်တဲ့ မဲတစ်ပြားကြောင့် အကုန်လုံးပြောင်းလဲသွားတာလည်းဖြစ်စေချင်တာပေ့ါနော်။ စီးပွားရေး၊ ပညာရေး၊ လူမှုရေးအကုန်လုံး နိုင်ငံရေးဘာညာက အစပေ့ါနော်။ အကုန်လုံးငြိမ်းချမ်းစေချင်





တယ်။ လူမျိုးတွေအကုန်လုံး၊ အစိုးရကိုတော့ တောင်းဆိုချင်တာတော့ အများကြီးပေ့ါနော်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ တောင်းဆိုချင်တယ်၊ ပညာရေးနဲ့ပတ်သက်လို့လည်း တောင်းဆိုချင်တယ်။ ပညာရေးကိုလည်း ဒီထက်မက ပိုပြီးတော့တိုးတက်စေချင်တယ်"ဟု ပြောသည်။

"အရင်ကမဲပေးတာကျတော့ တံဆိပ်တုံးလေးတွေ နှိပ်ရတာပေ့ါနော်။ အခုကျတော့ စက်ကလေးနဲ့ ပိုပြီးတော့လွယ်ကူတာပေ့ါ။ အစိုးရသစ် တက်လာတယ်ဆိုရင်တော့ ပြည်သူတွေကို စီးပွားရေး၊ လူမှုရေး အကုန်လုံး အစစအရာရာ အားလုံးအဆင်ပြေဖို့အတွက်ကို မျှော်လင့်ထားတာပေ့ါ"ဟု ပြောသည်။

ယနေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၏ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုများကို ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ရွေးကောက်ပွဲကို လာရောက်စောင့်ကြည့်လေ့လာကြသည့်နိုင်ငံတကာမှရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကလည်း မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးနေမှုများကို လာရောက်လေ့လာစောင့်ကြည့်၍ သတင်းရယူခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၌နေထိုင်ကြသူများအနေဖြင့် လွတ်လပ်စွာနေထိုင်လုပ်ကိုင်စားသောက်ပြီး အေးချမ်းစွာနေထိုင်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးနှင့် နိုင်ငံတော်အစိုးရ၏ နေထိုင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအတွက် စီမံဆောင်ရွက်ပေးမှုများနှင့်စပ်လျဉ်း၍ ဆေးသမားကြီးကျေးရွာနေ ဒေါ်တင်နီရွှေ ခေါ် နန်ရောင်စောရတို့၏ပြောကြားချက်များ

**ရခိုင်ပြည်နယ် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၌နေထိုင်ကြသူများအနေဖြင့် လွတ်လပ်စွာနေထိုင်လုပ်ကိုင်စားသောက်ပြီး အေးချမ်းစွာနေထိုင်လျက်ရှိသည့်အခြေအနေနှင့်စပ်လျဉ်း၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စစ်တွေခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးနှင့် နိုင်ငံတော်အစိုးရ၏ နေထိုင်ရေး၊ ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများအတွက် စီမံဆောင်ရွက်ပေးမှုများနှင့်စပ်လျဉ်း၍ စစ်တွေမြို့ ဆေးသမားကြီးကျေးရွာနေ ဒေါ်တင်နီရွှေ ခေါ် နန်ရောင်စောရတို့၏ပြောကြားချက်များကို ဖော်ပြအပ်ပါသည်။**

**ဦးအောင်နိုင်ဦး (ညွှန်ကြားရေးမှူး)**
**ခရိုင်အုပ်ချုပ်ရေးမှူး၊ စစ်တွေခရိုင်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

ကျွန်တော်တို့ အခု အောင်မင်္ဂလာရပ်ကွက်မှာရောက်နေတာဖြစ်ပါတယ်။ ဒီမှာ တွေ့မြင်နေရတာတော့ အောင်မင်္ဂလာ



ရပ်ကွက် စာသင်ကျောင်းပဲဖြစ်ပါတယ်။ အောင်မင်္ဂလာရပ်ကွက်ထဲမှာ အစိုးရစာသင်ကျောင်းတစ်ကျောင်းနဲ့ အာရဗီစာသင်ကျောင်း နှစ်ကျောင်းရှိပါတယ်။ လက်ရှိရောက်ရှိနေတဲ့ အစိုးရကျောင်းထဲမှာလည်း ရပ်ကွက်ထဲက ကျောင်းသား၊ ကျောင်းသူတွေကို ပညာသင်ကြားနေတာဖြစ်သလို ဆရာ၊ ဆရာမတွေလည်း အင်ပြည့်အားပြည့်သင်ကြားပေးနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီရပ်ကွက်အတွင်းမှာ ၂၀၁၂ ခုနှစ် ပဋိပက္ခနောက်ပိုင်း ၂၀၁၃-၂၀၁၄ မှာတော့ ရပ်ကွက်ပြည်သူတွေ လုံခြုံရေးအတွက် အပြင်မှာ လုံခြုံရေးစောင့်ပေးတာရှိတယ်၊ ဂိတ်တွေချထားတာရှိပါတယ်။

၂၀၁၄ ခုနှစ် နောက်ပိုင်းမှာတော့ ဂိတ်တွေ ပြန်လည်ဖယ်ရှားပြီး ပြည်သူတွေ လွတ်လပ်စွာ သွားလာနေကြပြီပဲဖြစ်ပါတယ်။ ဘာအတားအဆီးမှချထားတာမရှိပါဘူး။ အလားတူပဲ ကျွန်တော်တို့ဒီနားမှာလည်း စည်ကားတဲ့ဈေးတစ်ခုရှိပါတယ်။ ဈေးနာမည်ကတော့ ရပ်ကွက်နေ ဒေသခံတွေက ဒီမိုကရေစီဈေးလို့အမည်ပေးထားတဲ့ဈေးဖြစ်ပါတယ်။ ဒီအချိန်အခါမှာတော့ ဒီရပ်ကွက်အတွင်းမှာ စစ်တွေမြို့မှာရှိတဲ့ ရခိုင်တိုင်းရင်းသားတွေ၊ အခြားတိုင်းရင်းသားလူမျိုးတွေ၊ ဘင်္ဂါလီလူမျိုးတွေ လွတ်လွတ်လပ်လပ်သွားလာနေတဲ့နေရာဖြစ်ပါတယ်။

ဒီစာသင်ကျောင်းလေးမှာ မြေကွက်လပ်တစ်ခုရှိပါတယ်။ ထပ်ပြီးတိုးချဲ့ဖို့ စီမံဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။


ကျွန်တော်တို့ ရောက်ရှိနေတာက အောင်မင်္ဂလာရပ်ကွက်အခြေခံပညာအလယ်တန်းကျောင်းဖြစ်ပါတယ်။ ဒီကျောင်းမှာက ရပ်ကွက်ထဲက ကျောင်းသား၊ ကျောင်းသူတွေ ပညာသင်ကြားနေတာဖြစ်ပါတယ်။ ထပ်မံပြီးတော့ ဒီဘက်အဆောက်အအုံတိုးချဲ့ဖို့၊ မြေကွက်လပ်မှာ ကျောင်းဆောင်အသစ်ဆောက်လုပ်နိုင်ဖို့လည်း စီမံဆောင်ရွက်နေတာရှိပါတယ်။

ကျွန်တော်တို့ရောက်ရှိနေတာက စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်ထဲမှာရှိတဲ့ ဈေးဖြစ်ပါတယ်၊ ဈေးနာမည်က ဒီမိုကရေစီဈေးဖြစ်ပါတယ်။ ဒီဈေးထဲမှာ ရပ်ကွက်ထဲမှာရှိတဲ့ ဘင်္ဂါလီလူမျိုးတွေ ရောင်းဝယ်ဖောက်ကားနေတာရှိသလို ရခိုင်တိုင်းရင်းသားတွေ၊ အခြားတိုင်းရင်းသားတွေလည်း ရောင်းဝယ်ဖောက်ကားနေကြတာဖြစ်ပါတယ်။ ဒီမှာတော့ အခုလိုပဲ လွတ်လပ်အေးချမ်းစွာနဲ့ သွားလာလှုပ်ရှားနေကြတာဖြစ်ပါတယ်။

**ဒေါ်တင်နီရွှေ ခေါ် နန်ရောင်စောရ**
**ဆေးသမားကြီးကျေးရွာ၊ စစ်တွေမြို့**

ကျွန်မ ဒီမှာနေတာ နှစ်ပေါင်းသုံးဆယ်လောက်ရှိပါပြီ။ အိမ်ထောင်သည်ပါ။ ကလေးလေးယောက်ရှိပါတယ်။ ဆေးဝါးကုသမှုအခြေအနေက အစိုးရအဖွဲ့ဆီကနေ ဆေးဝါးကုသမှုခံယူလို့ရပါတယ်။ အစိုးရကျန်းမာရေးဌာနက တစ်လတစ်ကြိမ် ကလေးတွေကို ကာကွယ်ဆေးထိုးပေးတာမျိုးရှိပါတယ်။ လူနာဆိုရင်လည်း တစ်ပတ်တစ်ခါ၊ ဆယ့်ငါးရက်တစ်ခါလာပြီးတော့ ဆေးကုသမှုပေးလေ့ရှိပါတယ်။ ကျွန်မတို့ လွတ်လွတ်လပ်လပ်ကုသခွင့်ရပါတယ်။

လုံခြုံရေးအနေနဲ့ဆိုရင် ကျွန်မတို့မှာ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေရှိပါတယ်။ သူတို့က ကာကွယ်ပေးပါတယ်။ အကူအညီလိုအပ်လို့ သူတို့ဆီသွားပြောတဲ့အခါ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးတာမျိုးရှိပါတယ်။ သူတို့ဆီက အကောင်းဆုံးအကူအညီတွေရပါတယ်။ အစိုးရအဖွဲ့ကလည်း အကောင်းဆုံးကူညီဆောင်ရွက်ပေးတာမျိုးရှိပါတယ်။ ကျွန်မအလုပ်က ကျပန်းပါ။ ဒါပေမဲ့ အဆင်ပြေပါတယ်။ ကျွန်မယောကျ်ားကလည်း ကျပန်းပါ။ လုံးဝလွတ်လွတ်လပ်လပ်ရှိပါ




တယ်။ ဘာအနှောင့်အယှက်မှမရှိပါဘူး။ အစိုးရအဖွဲ့ကလည်း လွတ်လွတ်လပ်လပ်နေလို့ရအောင်လုပ်ပေးပါတယ်၊ အဆင်ပြေပါတယ်။

ကျန်းမာရေးအခြေအနေဆိုရင် ကျန်းမာရေးဌာနက ခုနကပြောသလိုမျိုး တစ်လတစ်ကြိမ်လာပြီး ကာကွယ်ဆေးထိုးပေးတာမျိုး၊ ကိုယ်ဝန်ဆောင်ဆိုရင် ကာကွယ်ဆေးထိုးပေးတာမျိုးရှိပါတယ်။ ကလေးဆိုရင် ကလေးနှစ်လပြည့်တဲ့အခါ ကာကွယ်ဆေးထိုးပေးတာမျိုးရှိပါတယ်။ တကယ့်အရေးပေါ်ဆိုရင်အစိုးရအဖွဲ့ကဆေးကုသမှုပေးတာမျိုးရှိပါတယ်။ အဲဒီမှာသွားပြီးတော့ လွတ်လွတ်လပ်လပ်ကုသလို့ရပါတယ်။

ပညာရေးကဏ္ဍဆိုရင် ကျွန်မတို့ ဆေးသမားရွာမှာ မူလတန်းလွန်ကျောင်းရှိပါတယ်။ ခုနစ်တန်းအထိ မူလတန်းလွန်ကျောင်းမှာ ပညာသင်လို့ရပါတယ်။ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းဆိုရင်တော့ သက္ကယ်ပြင်မှာ အစိုးရကျောင်းဖွင့်ထားတာရှိပါတယ်။ အဲဒီကျောင်းမှာသွားပြီးတော့ လွတ်လွတ်လပ်လပ်တက်လို့ရပါတယ်။ နိုင်ငံသားကတ်ပြားဆိုရင် ၂၀၁၇ ခုနှစ်မှာတော့ စီမံချက်အနေနဲ့အစိုးရအဖွဲ့လဝက ကလာပြီးတော့ လုပ်ပေးတာမျိုးရှိပါတယ်။ ရထားတဲ့လူလည်းရှိပါတယ်။ မရတဲ့လူလည်းရှိပါတယ်။ ကျွန်မကတော့ လျှောက်ထားဆဲပါ။ ကျွန်မတို့ရမယ်လို့ မျှော်လင့်ပါတယ်။ ရွေးကောက်ပွဲမဲပေးဖို့တော့ ကျွန်မမှာမရှိပါဘူး။ ဒါပေမဲ့ ကျွန်မ သွားကြည့်ပါတယ်။ **သတင်းအဖွဲ့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများအား သွားရောက်မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

မန္တလေးမြို့၊ မဟာဝိဇိတာရုံကျောင်းတိုက်ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့၊ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ၊ သက်တော် ၉၈ နှစ်၊ ဝါတော် ၇၈ ဝါရှိသက်တော်ရှည်ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီး၏ ကျန်းမာရေးဆိုင်ရာများနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများအား မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် ဆရာတော်ကြီး၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များအား အမြဲမပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကိုမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

☆ **စာမျက်နှာ ၁၇ မှအဆက်**

ဖော်ဆောင်ဖို့အတွက် တိုင်းပြည်ကိုတိုးတက်အောင်ဆောင်ရွက်ပေးဖို့၊ တိုင်းပြည်အေးချမ်းအောင်ဆောင်ရွက်ပေးဖို့၊ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်အောင်လုပ်ပေးဖို့ အစိုးရတစ်ရပ်ကတော့တာဝန်ရှိတာ။ ဒါကို ကျွန်တော်ရအောင်ကြိုးစားမယ်။ ပြည်သူကလည်းပါဖို့လိုတယ်၊ အစိုးရကပဲ ဦးဆောင်လို့တော့မရဘူး။ အစိုးရကတော့ရည်မှန်းချက်ထားပြီးလုပ်မှာ။ သို့သော်ပြည်သူကမပါလို့တော့မရဘူး။ ပြည်သူပါအောင်လည်း အစိုးရကလုပ်ရမှာပေ့ါ။ ပြည်သူကလည်း ပါဖို့တော့လိုတယ်။ ကျွန်တော်တို့က ဒီမိုကရေစီသွားချင်တယ်တောင်းဆိုနေပေမယ့်လည်း ပြည်သူမပါဘဲနဲ့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ဒါပြည်သူပါမှ ဖြစ်မှာ။ ပြည်သူကလည်း အရေးကြီးပါတယ်။

**မေး။ အခက်အခဲတွေ အများကြီးနဲ့ နောက်ဆုံးနေ့လည်းဖြစ်တယ်ဆိုတော့လေ။ နိုင်ငံတကာနဲ့ ဒီမြန်မာပြည်သူတွေကိုရော ဘာများ message ပါးချင်တာရှိမလဲရှင့်။**

**ဖြေ။** ပြည်သူတွေ တိုင်းပြည်ကောင်းအောင် လုပ်ကြဖို့ပေ့ါဗျာ။ အမြင်ကျယ်ဖို့ပေ့ါဗျာ။ ဒါကိုပြောချင်ပါတယ်၊ နိုင်ငံတကာကလည်း မြန်မာနိုင်ငံရဲ့ ပြည်တွင်းအခြေအနေကို အမှန်ကိုလည်းသိဖို့လိုတာပေ့ါဗျာ။ အခု မြန်မာနိုင်ငံကိုလာတဲ့ နိုင်ငံခြားကတာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေလာရင် သူတို့အပြင်မှာကြားတာနဲ့ မြန်မာနိုင်ငံဖြစ်ပျက်နေတဲ့အခြေအနေ တခြားစီပဲလို့ပြောတယ်၊ လူတိုင်းနီးပါးတော့ အဲ့ဒီအတိုင်းပြောတယ်၊ ဆိုလိုတာကတော့ ကျွန်တော်တို့မှာ ဒီကောလာဟလနဲ့ မီဒီယာကနေလုပ်နေတဲ့ဟာတွေ တိုင်းပြည်က ခံနေရတာပေ့ါဗျာ၊ တကယ်တော့ ကျွန်တော်တို့မှာလည်းပဲ အခွင့်အရေးတွေအများကြီး ရှိပါတယ်၊ အဲ့ဒီအခွင့်အရေးတွေကို အသုံးချနိုင်မယ်ဆိုရင် တိုင်းပြည် တိုးကိုတိုးတက်တယ် ကျွန်တော်ပြောရဲပါတယ်။

**မေး။ ၂၀၁၀ ပြည့်နှစ် ဦးသိန်းစိန်အစိုးရလိုမျိုးဖြစ်နိုင်ပါ့မလား။ ၂၀၁၀ ပြည့်နှစ်တုန်းက USDP အစိုးရတက်ခဲ့တယ်၊ တော်တော်လေးပြည်သူနှစ်သက်ခဲ့တယ်။ အခု ၂၀၂၅ ခုနှစ် တက်လာမယ့်အစိုးရကိုရော အဲလိုမျိုး မျှော်လင့်လို့ရမလား။**

**ဖြေ။** အခု အနိုင်ရတဲ့ပါတီရဲ့ သူ့ကိုပူးပေါင်းဆောင်ရွက်ပေးမယ့် အခြေအနေပတ်ဝန်းကျင်အပေါ်မှာ မူတည်လိမ့်မယ်။ မဟုတ်ဘူးလား။ အဲ့ဒီ ဦးသိန်းစိန်သမ္မတကြီး တာဝန်ယူတဲ့အချိန်တုန်းက သူတို့လုပ်တာတော့ လုပ်တယ်။ ဒါပေမဲ့ တစ်ဖက်ကလည်း အတိုက်အခံတွေရှိတယ်။ အဲ့ဒီအတိုက်အခံတွေက တိုင်းပြည်ကို ကောင်းအောင်လုပ်ဖို့အတွက် သွားတယ်ဆိုရင်တော့တစ်မျိုးပေ့ါ၊ တိုင်းပြည်ကောင်းအောင်မဟုတ်ဘဲနဲ့အနုတ်လက္ခဏာဆောင်အောင် သွားလုပ်တယ်ဆိုရင်တော့ နည်းနည်းခက်တော့ခက်မယ်၊ ဘယ်အစိုးရတက်တက် ဒါကတော့ ဘယ်အစိုးရတက်တက်။

**မေး။ စိန်ခေါ်မှုချင်းကတော့မတူဘူးပေ့ါ။ အဲ့ဒီအခင်းအကျင်းက တော်တော်လေးသပ်သပ်ရပ်ရပ်ရှိခဲ့တယ်၊ အခု အခင်းအကျင်းက တော်တော်လေး ဗရုတ်ဗရက်နိုင်နေတာကို ထိန်းသိမ်းရမှာဆိုတော့လေ။ ပိုပြီးတော့ ခက်မလားလို့။**

**ဖြေ။** ဗရုတ်ဗရက်ဆိုတာ တည်ငြိမ်အေးချမ်းမှု မရှိဘူး။ မှန်ပါတယ်။ ဒါတော့မှန်ပါတယ်။ အမြင်ကျယ်ဖို့၊ ဒါ့ကြောင့် ခုနကပြောတဲ့ တိုင်းပြည်အမြင်ကျယ်ဖို့လိုပါတယ်လို့ ကျွန်တော်ပြောတာ။

(၁၀၀)

---

## ဘားအံတက္ကသိုလ်၏ (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ဘားအံ ဇန်နဝါရီ ၂၅**

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်ရှိ သင်ကြားရေးဌာန ၁၄ ခုတွင် ဘာသာရပ်ပေါင်း ၁၆ ခုအထိတိုးချဲ့ဖွင့်လှစ်၍ ဘွဲ့ကြိုတန်း၊ ဂုဏ်ထူးတန်း၊ ဘွဲ့လွန်မဟာသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများကို သင်ကြားပေးလျက်ရှိပြီး ယနေ့ နံနက်ပိုင်းတွင် (၁၈) ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို အဆိုပါ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်အားပေးချီးမြှင့်သည်။

ဘွဲ့နှင်းသဘင်အခမ်းအနားတွင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဘားအံတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာစိုးစိုးအေးက မဟာဝိဇ္ဇာ၊ မဟာသိပ္ပံဘွဲ့ရရှိသူ ခြောက်ဦး၊ ဝိဇ္ဇာ/သိပ္ပံ (ဂုဏ်ထူးဘွဲ့) ရရှိသူ ၁၉ ဦး၊ ဝိဇ္ဇာဘွဲ့ရရှိသူ ၁၂၁ ဦး၊ သိပ္ပံဘွဲ့ရရှိသူ ၁၈၆ ဦး စုစုပေါင်း ၃၃၂ ဦးတို့ကို သက်ဆိုင်ရာဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ဘွဲ့ရမောင်မယ်များနှင့် မိဘဆွေမျိုးများကို ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဂုဏ်ပြုအားပေးစကားပြောကြားကြကြောင်းသိရသည်။

(၄၀၆)








နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချမ်းမြသာစည်မြို့နယ်အတွင်းရှိ မဲရုံများ၌ တက်ကြွစွာလာရောက်ဆန္ဒမဲပေးကြသည့်မဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

★ **ရှေ့ဖုံးမှအဆက်**

ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲရုံများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုအားပေးရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်တို့အတွင်းရှိ သက်ဆိုင်ရာ မဲရုံများအလိုက်တွင် မဲရုံမှူတာဝန်ရှိသူများ၏ ကွန်ပျူတာစနစ်ဖြင့် မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးပေးလျက်ရှိမှုနှင့် မဲဆန္ဒရှင်ပြည်သူများ၏ တက်ကြွစွာပါဝင် ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုပြီး မဲဆန္ဒရှင်ပြည်သူများအား ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ ကြုံတွေ့ရမှုများ၊ MEVM စက်ဖြင့် ဆန္ဒမဲပေးရာတွင် တွေ့ကြုံရမှုများ၊ မဲရုံဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်နေမှု ပြန်လည်နှုတ်ဆက်ခဲ့ကြကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရမှုခံစားချက် အတွေ့အကြုံများနှင့်ပတ်သက်၍ မိမိတို့၏သဘောဆန္ဒအလျောက် ဆန္ဒမဲလာရောက်ပေးကြခြင်းဖြစ်ကြောင်း၊ MEVM စက်ဖြင့်မဲပေးရခြင်းဖြင့် ပိုမိုလွယ်ကူမြန်ဆန်ပြီး မိမိတို့ဆန္ဒမဲပေးသည့်အတိုင်း မဲစာရင်းစာရွက်များလည်းထွက်ရှိကြောင်း၊ မဲမသမာမှုပြုလုပ်ရန်နှင့် မဲလိမ်မဲခိုးခြင်းများပြုလုပ်ရန်မဖြစ်နိုင်ကြောင်း၊ ဆန္ဒမဲပေးမှုလုပ်ငန်းစဉ်များအားလုံး အဆင်ပြေမှုရှိကြောင်းတို့ကို ရင်းရင်းနှီးနှီး ပြန်လည်ပြောကြားခဲ့ကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် မဲရုံများအလိုက် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများအား လိုက်လံကြည့်ရှုအားပေးစဉ် လာရောက်သတင်းရယူ



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချမ်းမြသာစည်မြို့နယ်အတွင်းရှိမဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ တက်ကြွစွာပါဝင်ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်ကြီးမြို့နယ်အတွင်းရှိမဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ တက်ကြွစွာပါဝင်ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး မေးမြန်းဆွေးနွေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများအား နှုတ်ဆက်ခဲ့သည်။

ထိုကဲ့သို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌကိုယ်တိုင်မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့မှုအပေါ် လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများကလည်း ဝမ်းမြောက်ဂုဏ်ယူလျက်ရှိပြီး နိုင်ငံတော်ယာယီသမ္မတနှင့်အဖွဲ့ဝင်များအား ရင်းနှီးနွေးထွေးစွာကြိုဆိုကြသည်။ ကြိုဆိုကြသည့် ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကိုလည်း လက်ခံဖြေကြားခဲ့ပြီး အပြည့်အစုံမှာ -

**မေး။ အခုဒီနေ့ ရွေးကောက်ပွဲနောက်ဆုံးနေ့လည်းဖြစ်တယ်ဆိုတော့ ဒီဟာနဲ့ပတ်သက်ပြီး ရှေ့ဆက်ပြီး မြန်မာနိုင်ငံအပေါ် ဘယ်လိုများမျှော်မှန်းထားလဲရှင့်။**

**ဖြေ။** မြန်မာနိုင်ငံက ကျွန်တော်တို့က နဂိုကတည်းက ပြည်သူကရွေးချယ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို သွားဖို့ရည်ရွယ်ပြီးလုပ်ခဲ့တာ။ ဒီအတိုင်းပဲသွားရမှာ။ ပြည်သူကရွေးချယ်တဲ့လမ်းပဲ။ ကျွန်တော်တို့ရွေးတာမဟုတ်ဘူး၊ ပြည်သူကရွေးချယ်တဲ့လမ်း။ ကျွန်တော်တို့လည်း ပြည်သူတွေထဲကအစိတ်အပိုင်း၊ ကျွန်တော်တို့လည်း ဒီဟာကိုထောက်ခံတယ်၊ ဒီအတိုင်းပဲ ပါတီစုံဒီမိုကရေစီစနစ်အတိုင်းပဲ သွားမယ်။ အနာဂတ်မှာ ကျွန်တော်တို့သွားပါမယ်။

**မေး။ တချို့ကပြောတာပေါ့နော်။ တပ်ကိုထောက်ခံတဲ့ USDP ပါတီကအနိုင်ရတော့မယ်ပေါ့နော်။ အဲ့ဒါကြောင့်မလို့ဆိုပြီး တချို့ UN expert တွေကပြောတာပေါ့နော်။ ဒါကိုအသိအမှတ်မပြုဖို့ ဘာညာဆိုပြီးတော့ ပြောတာတွေရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။**

**ဖြေ။** ပြည်သူက သူတို့ မြန်မာပြည်တွင်းမှာနေတဲ့ပြည်သူတွေ မဲပေးတာလေ။ သူတို့အပြင်ကသူတွေ မဲပေးတာမဟုတ်ဘူး။ မြန်မာပြည်တွင်းမှာနေတဲ့သူ မဲပေးတာ။ သူတို့ဘယ်သူ့ပဲထောက်ခံထောက်ခံ ကြိုက်တာ ထောက်ခံလို့ရတယ်။ ပေးတဲ့သူတွေက သူတို့ထောက်ခံချင်တဲ့သူတွေပါလို့ မဲလာပေးတာပေါ့။ သူတို့ ထောက်ခံချင်တဲ့သူတွေမပါဘူးဆိုရင် မဲလာပေးမှာမဟုတ်ဘူး။ မဲလာမပေးခြင်းမှာ နှစ်မျိုးရှိတယ်။ တစ်ပိုင်းကတော့ သူတို့ထောက်ခံချင်တဲ့သူတွေမပါလို့မဲလာမပေးတာ။ တစ်ပိုင်းကလုံခြုံမှုအရ လာမပေးတာရှိတယ်။ လုံခြုံမှုဆိုတာလာဖို့ပြုဖို့အခက်အခဲရှိတယ်။ မဲပေးတဲ့သူတွေကကျတော့ သူတို့ထောက်ခံတဲ့သူတွေရှိလို့ လာမဲပေးတာပေါ့။ အဲ့ဒီမှာ ခုနက ခင်ဗျားပြောတဲ့ ပြည်ခိုင်ဖြိုးပါတီလည်းပါတယ်။ တခြား PPP ပါတီလည်းပါတယ်။ ကျားဖြူပါတီလည်းပါတယ်။ ပါတီစုံပါတယ်။ ဒါကြောင့်လည်း မဲပေးတဲ့စာရင်း



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဲရုံသို့လာရောက်သတင်းရယူကြသည့် ပြည်တွင်း၊ ပြည်ပမှသတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်ကြီးမြို့နယ်အတွင်းရှိမဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ တက်ကြွစွာပါဝင်ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချမ်းမြသာစည်မြို့နယ်အတွင်းရှိမဲရုံများ၌ တက်ကြွစွာလာရောက်ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်ကြီးမြို့နယ်အတွင်းရှိမဲရုံများ၌ တက်ကြွစွာလာရောက်ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

တွေ ကျွန်တော်တို့ ထုတ်ပြန်ပေးပါတယ်။ အဲ့ဒါ သူတို့ လွတ်လွတ်လပ်လပ် မဲပေးတာပဲမဟုတ်ဘူးလား။ ဒါကို နိုင်ငံခြားက အသိအမှတ်ပြုတာ၊ မပြုတာ ကျွန်တော်တို့နားမလည်ဘူး။ ပြည်သူတွေကမဲပေးတာ ကျွန်တော်တို့ အသိအမှတ်ပြုတယ်။ ဒီလိုပဲသွားရမယ်။

**မေး။ နောက် တက် လာတဲ့ အစိုးရအဖွဲ့မှာရော တပ်ချုပ်ကြီးအနေနဲ့ ဆက်ပြီး တော့ပါဖို့ရှိလား။**

**ဖြေ။** ကျွန်တော်တော့ ဘာမှပြောလို့မရသေးဘူးလေ။ ဒါတွေက လွှတ်တော်ခေါ်မှ လွှတ်တော်မှာ သူတို့ရွေးချယ်တဲ့နည်းလမ်းတွေဘာတွေရှိပါတယ်။ ဒီလိုရှိပါတယ်။

**မေး။ နောက်ဆုံးနေ့လည်းဖြစ်တယ်ဆိုတော့လေ.. လာမယ့်အစိုးရအသစ်အတွက်ရော ဘာများ ပြောချင်တာများရှိမလဲရှင့်။**

**ဖြေ။** သူတို့က တိုင်းပြည်ကောင်းအောင် လုပ်ရမှာပေါ့ဗျာ။ ဘယ်အစိုးရတက်တက် တိုင်းပြည်ကောင်းဖို့ပဲ။ ပြည်သူလူထုရဲ့ အကျိုးစီးပွား **စာမျက်နှာ ၁၅ သို့** ☆

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing visits voters casting ballots at the Phase 3 of the 2025 Multi-party Democracy General Election of the Republic of the Union of Myanmar at the relevant polling stations



Senior General Min Aung Hlaing cordially converses with polling station staff.



Senior General Min Aung Hlaing observes a voter casting a ballot.



Senior General Min Aung Hlaing warmly converses with voters in Thamadatawywa village-tract, Patheingyi Township.



Senior General Min Aung Hlaing observes the voting process in Ohnchaw village-tract, Patheingyi Township.

NAY PYI TAW January 25

Elections are the most important part of democracy, and the voters will have to choose and shape the future path of the nation by using their voting right, which is included in the rights of citizens.

The Phase 3 of the 2025 Multi-party Democracy General Election of the Republic of the Union of Myanmar began at 6 am today at the relevant townships, and the people in large bodies were seen actively casting votes according to their free will at the respective polling stations as good citizens in a disciplined manner, without facing any pressure.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission Senior General Min Aung Hlaing, accompanied by SSPC Secretary General Ye Win Oo and members of the entourage, visited the polling stations in Mandalay Region and cordially conversed with the voters.

During the visit, the Senior General observed the polling station officials checking the voter lists with computers at the booths in Patheingyi Township and the people ardently casting ballots there. He cordially met with voters and asked their views on MEVMs and voting process and on the polling station staff. He then warmly greeted the voters.

တစ်ခါမှ မဲမပေးဖူးတော့ ပထမဆုံးအကြိမ် မဲပေးရတဲ့အတွက် စိတ်လှုပ်ရှားပျော်ရွှင်ပါတယ်။ ကိုယ်ကြိုက်တဲ့ကိုယ်စားလှယ်လောင်းကို မဲပေးနိုင်ခဲ့တဲ့အတွက် လူငယ်တွေအလုပ်အကိုင်အခွင့်အလမ်း ပိုမိုပွင့်လန်းပြီး တိုင်းပြည်အေးချမ်းသာယာအောင်ဆောင်ရွက်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်မတို့နိုင်ငံကို ကမ္ဘာ့အလယ်မှာ ထင်ပေါ်စေချင်ပါတယ်။ အာဆီယံနိုင်ငံတွေမှာ မြန်မာနိုင်ငံဟာ အားသာချက်များစွာရှိနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် နိုင်ငံအကျိုး၊ ပြည်သူအကျိုးကို ငါ့နိုင်ငံအတွက် ပါလားဆိုတဲ့ မျိုးချစ်စိတ်တွေကိုယ်စီကိုယ်စီရင်ထဲကိန်းအောင်းပြီး အတ္တတွေ၊ အစွဲတွေကို ခဝါချပြီးတော့ တိုင်းပြည်နဲ့လူမျိုးမျက်နှာကိုကြည့်မယ့် ကိုယ်စားလှယ်လောင်းကိုပဲ မဲပေးခဲ့ပါတယ်။ အစိုးရသစ်တစ်ရပ်ပေါ်ထွန်းလာရင် ကျွန်မတို့လူငယ်တွေအနေနဲ့လက်တွဲဆောင်ရွက်ဖို့ အဆင်သင့်ပါ။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့နဲ့ အေးချမ်းသာယာဖို့ဆောင်ရွက်တဲ့အခါမှာ ပြည်သူအားလုံးမှာတာဝန်ရှိတယ်လို့လည်း ခံယူထားပါတယ်။

# အရိပ်

မစန္ဒာ

**ယမန်နေ့မှအဆက်**

'ညတိုင် နည်းနည်းမှမအိပ်ရဘူးလား'

'ဘယ်အိပ်ရမလဲ၊ လူနာအသည်းအသန်ဖြစ်ရင် အိပ်ဖို့သတိတောင် မရဘူး၊ အေးအေးဆေးဆေးပဲဆိုရင်တော့ ထိုင်လျက်ငိုက်ရတာပေါ့ ကိုကိုရာ'

ကျော်ထွန်းညိုသည် သက်သက်၏ ပြည့်ပြည့်ဖောင်းဖောင်းမျက်နှာလေးကို အမှတ်မဲ့ငေးကြည့်လိုက်မိသည်။ သူ့မျက်လုံးမှေးမှေးလေးများသည် စုလှိုင်၏မျက်ဝန်းနက်များလို အရည်လည်ကာ ညို့ယူနိုင်စွမ်း မရှိလှပေ။ သို့သော် ချိုချိုပျော့ပျော့လေးနှင့် ဖြူစင်အပြစ်ကင်းဟန်က ပေါ်လွင်နေသည်။

'ကိုကိုရယ်၊ ပိုက်ဆံပေါရင်လေ တခြားနေရာတွေမှာ လှူမယ့်အစား ဆေးရုံကိုသာလှူစမ်းပါ၊ သက်သက်တို့ဆေးရုံတွေမှာ လှူမယ့်သူ တကယ်လိုတယ်၊ ပိုက်ဆံရှိတဲ့လူတွေကို သက်သက် သေသေချာချာ ပြောပြချင်တယ်၊ ရွှေတွေဝင်းပြီး အိနေတဲ့ဘုရားကြီးကို ထပ်ခါထပ်ခါ ရွှေချနေမယ့်အစား၊ မုန့်ဟင်းခါးလေးတစ်ပွဲလောက်တောင် အာသာ ငမ်းငမ်းစားချင်လျက်နဲ့ ငွေမရှိလို့ မစားနိုင်တဲ့လူမမာတွေ၊ ဆေးမဝယ် နိုင်လို့ သေနေရတဲ့လူနာတွေကို လာပြီးကျွေးစမ်းပါ၊ လှူစမ်းပါလို့ပေါ့။ မြတ်စွာဘုရားကိုယ်တိုင် သက်တော်ထင်ရှားရှိရင်လည်း အို ငါ့ရုပ်တုကြီးမှာ ရွှေတွေထပ်ခါထပ်ခါနဲ့ ဘာလုပ်ဖို့လဲ၊ လိုနေတဲ့သူတွေကို ပေးစမ်းပါ၊ ကျွေးစမ်းပါလို့ပြောမှာသေချာပါတယ်ကိုကိုရာ။ ခုတော့ လူတွေက ဘုရားရွှေချမှ နဖူးစည်းစာတန်းအကြီးကြီးထိုးပြီး ဇရပ်ဆောက်မှ ကုသိုလ်ရမယ် အောက်မေ့နေကြတယ်'

သက်သက်က စိတ်လိုက်မာန်ပါလေး ပြောလိုက်မိသည်။ အမာညိုသည် ပုစွန်ခြောက်တစ်ဆုံညက်သွားပြီဖြစ်၍ ရေစိမ်ထားသောရေတ်သီးခြောက်ဇလုံကို လှမ်း၍ဆွဲယူလိုက်သည်။

'တစ်နေ့က ဆေးရုံမှာ ယှဉ်လျက်လူနာနှစ်ယောက်လေ၊ တစ်ယောက်က ချမ်းသာလိုက်တာကျိုကျိုတက်၊ တစ်ယောက်ကတော့ ဖွတ်မွဲ၊ ပိုက်ဆံခန်းမရှိတော့လည်း ယှဉ်လျက်ဖြစ်ရတော့တာပေါ့၊ ချမ်းသာတဲ့ မိန်းမကြီးကိုလေ ချိုင့်ကြီးချိုင့်ငယ်တွေနဲ့ပို့လိုက်ကြတာ၊ သစ်သီးတွေကလည်းစုံလို့၊ ဗီရိုလေးနဲ့တောင်မဆံ့ဘူး၊ သောက်စရာတွေကလည်း အပြည့်၊ သူ့ဘေးကမိန်းမကတော့ ဆေးရုံလာတက်တာ ရေပုလင်းတောင်ပါမလာဘူး၊ ဘေးကအမျိုးသမီးကြီး စားတာသောက်တာကို တံတွေးလေးတနင်နင်နဲ့ လှမ်းကြည့်လှမ်းကြည့်လုပ်နေတယ်။ သက်သက်ကလည်း စိတ်ထဲကနေဆုတောင်းနေမိတယ် ကိုကိုရယ်၊ မိန်းမကြီးက စားမကုန်၊ သောက်မကုန်ပိုနေတာပဲ၊ ဟိုမိန်းမကြီးကို လှမ်းပြီး စားမလား မေးပါစေ၊ ပေးပါစေလို့ပေါ့၊ အမလေး၊ ဆုတောင်းရတာသာမောတယ်၊ မပေးဘူး ကိုကိုရေ့၊ သူစားသောက်ပြီးတာတွေကို အိမ်ပြန်ယူသွားခိုင်းတယ်၊ သူက စပယ်ရှယ်နပ်စ် ငှားထားတယ်လေ၊ ညကျတော့ သူ့နပ်စ်ကို သူ့သားသမီးတွေ ရှင်ပြု၊ နားသတုန်းက ဘယ်နှထောင်၊ ဘယ်နှသောင်း အကုန်ခံတဲ့အကြောင်းပြောပြနေတာကြားရတယ် ကိုကိုရာ၊ သက်သက် ရင်ထဲမှာလေ ယားကျိယားကျိနဲ့ အသံကုန်ထအော်ပစ်လိုက်ချင်သလိုပဲ၊ ခံရခက်လိုက်တာ'

စိတ်ပါလက်ပါပြောနေသောသက်သက်ကို ငေးစိုက်ကြည့်ရင်း ကျော်ထွန်းညို၏ရင်ထဲတွင် သိမ့်ခနဲဖြစ်သွားသည်။ သူ့ရင်တွင်းမှ နှလုံးသားအလှသည် သူ့မျက်နှာကို လာဟပ်နေသည်။ တစ်သက်နှင့် တစ်ကိုယ် သက်သက်ဟူသောမိန်းကလေး၏အလှကို ပထမဦးဆုံး အကြိမ် လျှပ်တစ်ပြက်တွေ့လိုက်ရသည်။

'ယားကျိယားကျိလုပ်မနေနဲ့၊ ရော့ တစ်လှည့်ထောင်းဦး၊ ညောင်းလာပြီ'

အမာညိုက ရေတ်ဆုံကြီးပြန်တွန်းပေးသောအခါ သက်သက်သည် ရှက်ပြုံးလေး ပြုံးလိုက်မိလေသည်။

'ကိုကိုရေ ဖျို့ ကိုကို'

'ဟော ညီလင်း'

ညီလင်းသည် အိမ်ပေါက်ဝတွင် ဘောင်းဘီတိုလေးနှင့်ရပ်ကာ အော်နေသည်။ နောက်ဖေးဘက်သို့ငုံ့ကြည့်ရင်း သူ့နဖူးမှချွေးများကိုသုတ်လိုက်သည်။

'ညီလင်း လာလေ'

'လာတော့ဘူး မမသက်ရေ၊ ချာတိတ်တွေနဲ့ ဘောလုံးကန်နေတာ၊ ဖျို့ ကိုကို၊ အိမ်မှာ ကိုတင်မောင်ဌေးရောက်နေတယ်ဗျ'

'အေးအေး၊ လာခဲ့မယ်'

ညီလင်းသည် တက္ကသိုလ်ရောက်ခါမှ သူငယ်ပြန်နေလေသည်။ လမ်းထဲမှကလေးများနှင့် ဆင်းပြီး ဟေးလားဟားလား ဘောလုံးကန် နေတတ်သည်။

'ကဲ သွားဦးမယ် သက်သက်ရေ၊ သန်ဘက်ခါအသုဘပို့မယ်မဟုတ်လား၊ လာခဲ့နော်'

ကျော်ထွန်းညိုသည် ပြောပြောဆိုဆိုထပြန်သွားသည်။ သက်သက်သည် ကျော်ထွန်းညို၏နောက်ကျောကို မျက်စိတစ်ဆုံးလိုက်ကြည့်မိစဉ် အမာညိုက သူ့လက်မောင်းကို ဖျတ်ခနဲပုတ်လိုက်လေသည်။

'အောင်မလေး သွားမှသွားပါတော့မလားလို့၊ တကတဲ ဒီမှာမိသက်ရဲ့၊ နင့်ကိုငါပြောရဦးမယ်'

အမာညိုသည် သက်သက်၏အနားသို့ တိုးကပ်လာသည်။ ဟိုဟိုဒီဒီ ကြည့်ရင်း ဟိခနဲရယ်သည်။

'ဘာလဲဟ'

**"စိတ်ပါလက်ပါပြောနေသော သက်သက်ကို ငေးစိုက်ကြည့်ရင်း ကျော်ထွန်းညို၏ရင်ထဲတွင် သိမ့်ခနဲဖြစ်သွားသည်။ သူ့ရင်တွင်းမှ နှလုံးသားအလှသည် သူ့မျက်နှာကို လာဟပ်နေသည်။ တစ်သက်နှင့်တစ်ကိုယ် သက်သက်ဟူသောမိန်းကလေး၏အလှကို ပထမဦးဆုံးအကြိမ် လျှပ်တစ်ပြက်တွေ့လိုက်ရသည် . . ."**

'ငါလေ ငါ အဟိ နင်မရယ်နဲ့နော်'

သက်သက်ကို မရယ်နှင့်ဟုပြောရင်း အမာညိုက သူ့ဟာသူရယ်နေသည်။ မျက်နှာလေးနီတွေးလာသည်။ ပြောမည်အရှိန်ယူလိုက်၊ ရယ်လိုက်နှင့် အပိုးမသေနိုင်အောင်ဖြစ်နေလေသည်။

'တော်ပြီဟာ တော်ပြီ၊ မပြောတော့ဘူး ငါရှက်တယ်'

'ခွေးမ မိညို နင်ဒါမျိုးတော့မလုပ်နဲ့ ပြော'

'ဟိ ရှက်တယ်ဟ၊ ငါဘယ်သူ့ကိုမှမပြောသေးဘူး'

'ပြောလို့ဆို'

'ငါလေ ငါ'

'အင်း'

'ငါလေ ဟီ ဟိ၊ ရည်းစားထားတော့မလို့သိလား'

'ဟောတော့'

သက်သက်က မျက်လုံးပြူးသွားစဉ် အမာညိုသည် သူ့မျက်နှာကို သူ့လက်ဖဝါးနှင့်အုပ်ထားလေသည်။ ခိုးခိုးခစ်ခစ်ရယ်နေသည်။

'အောင်မာ အောင်မာ၊ နင်က ဟား ဟား'

သက်သက်သည် ဖြုန်းခနဲရယ်ချလိုက်မိသည်။ ငရုတ်ကျည်ပွေ့ကြီးကို ညာဘက်လက်တွင် မြှောက်ကိုင်ထားရာမှ ပစ်ချလိုက်သည်။ မျက်နှာကိုအုပ်ထားသော အမာညို၏လက်များကို အတင်းဆွဲဖယ်သည်။ အမာညိုသည် လက်များပြေသွားသော်လည်း မျက်နှာကို ဖွတ်ငုံ့ထားလေသည်။

'ခွေးမလေး၊ နင့်ရည်းစားဘယ်သူလဲ၊ မှန်မှန်ပြော'

'ရည်းစားမဟုတ်သေးပါဘူး'

'အေး အေး၊ ထားပါတော့၊ နင့်ရည်းစားလောင်းနာမည်က ဘာတဲ့လဲ'

'နဂါးနိုင်မင်းဟဲ့၊ အညတရမှတ်လို့လား'

အမာညိုက နီတွေးနေသောမျက်နှာလေးကိုမော့ကာ ဖွတ်အတင်းတည်၍ပြောသည်။ သက်သက်သည် အမာညို၏မျက်နှာလေးကို အသေအချာအကဲခတ်ကြည့်လိုက်မိသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၂၅ | ၂၄၃၅ | ၂၄၀၅ | ၂၃၄၀ | ၂၄၄၅ | ၂၄၆၀ | ၂၄၇၅ | ၂၃၉၅ | ၄၅၀၅ | ၂၆၈၅ | ၂၄၁၀ | ၂၆၂၅ | ၂၄၈၅ | ၂၄၄၅ | ၂၄၇၀ | ၂၇၂၅ |
| 95 Ron | ၂၃၆၀ | ၂၄၇၅ | ၂၄၄၀ | ၂၃၇၅ | ၂၄၈၀ | ၂၄၉၅ | ၂၅၁၀ | ၂၄၃၀ | ၄၅၆၀ | ၂၇၂၅ | ၂၄၄၅ | ၂၆၆၅ | ၂၅၂၀ | ၂၄၈၅ | ၂၅၀၅ | ၂၇၆၀ |
| HSD (500 ppm) | ၂၂၈၅ | ၂၃၉၅ | ၂၃၆၀ | ၂၂၉၅ | ၂၄၀၀ | ၂၄၁၅ | ၂၄၃၅ | ၂၃၅၀ | - | ၂၆၄၅ | ၂၃၇၀ | ၂၉၂၅ | ၂၄၄၀ | ၂၄၀၅ | ၂၄၂၅ | ၂၆၈၅ |
| HSD (50 ppm) | ၂၅၉၅ | ၂၇၁၀ | ၂၆၇၅ | ၂၆၁၀ | ၂၇၁၅ | ၂၇၃၀ | ၂၇၅၀ | ၂၆၇၀ | ၄၈၃၀ | ၂၉၆၀ | ၂၆၈၅ | ၂၉၃၅ | ၂၇၅၅ | ၂၇၂၀ | ၂၇၄၅ | ၃၀၀၀ |
| HSD (10 ppm) | ၂၅၉၅ | ၂၇၁၀ | ၂၆၇၅ | ၂၆၁၀ | ၂၇၁၅ | ၂၇၃၀ | ၂၇၅၀ | ၂၆၇၀ | - | ၂၉၆၀ | ၂၆၈၅ | ၂၉၃၅ | ၂၇၅၅ | ၂၇၂၀ | ၂၇၄၅ | ၃၀၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၇၂ | ၂၂၄၉ |
| 95 Ron | ၂၂၀၇ | ၂၂၈၅ |
| HSD (500 ppm) | ၂၁၃၄ | ၂၂၀၆ |
| HSD (50 ppm) | ၂၄၃၈ | ၂၅၁၆ |
| HSD (10 ppm) | ၂၄၃၈ | ၂၅၁၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ၂၅-၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၀၀၀,၀၀၀)**ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## ဇန်နဝါရီလ စတုတ္ထပတ်အတွင်း စတော့ရှယ်ယာအစောင်လေးသောင်းနီးပါး အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်စတော့အိတ်ချိန်း၌ ဇန်နဝါရီလ စတုတ္ထပတ်တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်လေးသောင်းနီးပါး အရောင်းအဝယ်ဖြစ်ခဲ့သည်။

အဆိုပါ ရန်ကုန်စတော့အိတ်ချိန်း၏ Main Board တွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဇန်နဝါရီလ ၁၉ ရက်မှ ၂၃ ရက်အထိ တစ်ပတ်တာကာလအတွင်း စုစုပေါင်းငွေကျပ် ၁၀၈၆၈၃၁၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၉၃၇၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် ယခုတစ်ပတ်အတွင်း FMI ကုမ္ပဏီမှ ငွေကျပ် ၁၁၇၈၈၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၃၉၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ MTSH ကုမ္ပဏီမှ ငွေကျပ် ၉၇၆၆၀၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၅၈၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ MCB ကုမ္ပဏီမှ ငွေကျပ် ၂၂၁၄၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၈၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ FPB ကုမ္ပဏီမှ ငွေကျပ် ၂၉၈၇၈၄၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၀၇၀၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၃၀၂၀၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ EFR ကုမ္ပဏီမှ ငွေကျပ် ၂၂၆၃၃၄၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၃၉၂၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ AMATA ကုမ္ပဏီမှ ငွေကျပ် ၁၂၃၈၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၁၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၃၀၈၆၂၅၀ တန်ဖိုးရှိစတော့ရှယ်ယာအစောင် ၁၀၀၈၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

▲ **ကျောဖုံးမှအဆက်**

ခုနစ်ယောက်တစ်ဖက်ဘောလုံး၊ ထိုင်လျက်ဘော်လီဘော၊ (မျက်မမြင်)ဂိုးလ်ဘော၊ (မျက်မမြင်) စစ်တုရင်၊ သေနတ်ပစ်နှင့် စားပွဲတင်တင်းနစ် အားကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ယနေ့ နံနက် ၉ နာရီမှစတင်၍ ရေကူးပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ရာ (S4) အမျိုးသား မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် ညီညီလင်းထက်က ရွှေတံဆိပ်၊ (SB7) အမျိုးသား မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် မင်းထူးက ငွေတံဆိပ်၊ (S6) အမျိုးသား မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် အောင်မြင့်မြတ်က ကြေးတံဆိပ်၊ ပြေးခုန်ပစ်အားကစားနည်းတွင် (F55) အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် ထက်ထက်အေးက ရွှေတံဆိပ်၊ (F63,F64) အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် စိန်ဖော့က ရွှေတံဆိပ်၊ နန်းဝင်းဝင်းသန်းက ငွေတံဆိပ်၊ (မျက်မမြင်) ဂိုးလ်ဘောအားကစားနည်းတွင် မြန်မာအသင်းက ကြေးတံဆိပ်၊ (မျက်မမြင်)စစ်တုရင်အားကစားနည်းတွင် (B2)အမျိုးသားအသင်းလိုက်ပွဲစဉ်၌ မောရှေလင်းထက်နောင်နှင့် မင်းသန့်စိုးတို့အတွဲက ကြေးတံဆိပ်၊ (B1) အမျိုးသားအသင်းလိုက်ပွဲစဉ်၌ ကောင်းစံ၊ မျိုးဆန်အောင်နှင့် သန့်ဇင်ဦးတို့အတွဲက ကြေးတံဆိပ်၊ ထိုင်လျက်ဘော်လီဘော ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းက အင်ဒိုနီးရှားအသင်းအား (၃)ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ရွှေတံဆိပ်၊ ခုနစ်ယောက်တစ်ဖက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းက အိမ်ရှင် ထိုင်းအသင်းကို ၁ ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ငွေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကိုဆက်လက်ကျင်းပရာ ပထမ၊ ဒုတိယနှင့် တတိယရရှိသူများကို မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဗိုလ်ချုပ်လှမိုးနှင့် Asean Para Sports Federation (APSF)မှတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

နိုင်ငံတော်က ပြိုင်ပွဲကာလအတွင်း ရွှေတံဆိပ်ဆု တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၃၀၀၊ ငွေတံဆိပ်ဆု တစ်ဆုလျှင် ဒေါ်လာ ၂၀၀ နှင့် ကြေးတံဆိပ်ဆု တစ်ဆုလျှင် ဒေါ်လာ ၁၀၀ တို့ကို သတ်မှတ်ချီးမြှင့်ထားရှိရာ ဆုပေးပွဲအခမ်းအနားကျင်းပပြီးချိန်တွင် နိုင်ငံတော်ကိုယ်စား မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးက ပေးအပ်ချီးမြှင့်သည်။


မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့်အဖွဲ့သည် 80th Birthday Anniversary Stadium အတွင်း မြန်မာမသန်စွမ်း ပြေးခုန်ပစ်အားကစားအဖွဲ့၊ ရေကူးအားကစားအဖွဲ့၊ သေနတ်ပစ်အားကစားအဖွဲ့နှင့်ထိုင်လျက်ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှု၊ Center Point Hotel Terminal 21(Korat) တွင် စားပွဲတင်တင်းနစ်အားကစားအဖွဲ့ ယှဉ်ပြိုင်ကစားနေမှု၊ Vongchavalitkul University တွင် (မျက်မမြင်)ဂိုးလ်ဘောအားကစားအဖွဲ့ ယှဉ်ပြိုင်ကစားနေမှု၊ Nakhon Ratchasima Rajabhat University တွင် (မျက်မမြင်)စစ်တုရင်အားကစားအဖွဲ့နှင့် ခုနစ်ယောက်တစ်ဖက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းနှင့် အိမ်ရှင် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ဇန်နဝါရီလ ၂၅ ရက်**(ယနေ့)**တွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ ထိုင်လျက်ဘော်လီဘော၊ ခုနစ်ယောက်တစ်ဖက်ဘောလုံး၊ (မျက်မမြင်) ဂိုးလ်ဘော၊ (မျက်မမြင်) စစ်တုရင်၊ သေနတ်ပစ်နှင့် စားပွဲတင်တင်းနစ် အားကစားနည်းများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်လေးခု ဆွတ်ခူးရရှိခဲ့သည်။

(၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့်ရွှေတံဆိပ်အခု ၂၀၊ ငွေတံဆိပ် ၁၉ ခုနှင့် ကြေးတံဆိပ်အခု ၂၀၊ စုစုပေါင်းဆုတံဆိပ် ၅၉ ခု ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက်အဆင့်(၆)တွင် ရပ်တည်နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရရှိခဲ့သည့် ရွှေတံဆိပ်များထက် ငါးခု ပိုမိုရရှိခဲ့သည့်အတွက် ယခုပြိုင်ပွဲသည် မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် နိုင်ငံတော်၏ဂုဏ်ကို အားကစားဖြင့်မြှင့်တင်နိုင်ခဲ့ကြောင်း သိရသည်။

မြဝတီ

## မိုးလေဝသ သတင်း




| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၄˚c | / | ၃၂˚c |
| ရန်ကုန် | ၁၉˚c | / | ၃၃˚c |
| မန္တလေး | ၁၅˚c | / | ၃၂˚c |

## တနင်္ဂနွေနေ့ဘောလုံးပွဲရလဒ်များ

**အင်္ဂလန်ပရီးမီးယားလိဂ်**

| | | |
|---|---|---|
| ဘုန်းမောက် | ၃ - ၂ | လီဗာပူး |
| ဘရန့်ဖို့ | ၀ - ၂ | နော်တင်ဟမ် |
| ပဲလေ့ | ၁ - ၃ | ချဲလ်ဆီး |
| နယူးကာဆယ် | ၀ - ၂ | ဗီလာ |
| အာဆင်နယ် | ၂ - ၃ | မန်ယူ |

**ဂျာမန်ဘွန်ဒက်စ်လီဂါ**

| | | |
|---|---|---|
| ယူနီယံဘာလင် | ၀ - ၃ | ဒေါ့မွန် |
| ဂလာဘတ် | ၀ - ၃ | စတုဂတ် |
| ဖရိုင်းဘတ် | ၂ - ၁ | ကိုလုံး |

**စပိန်လာလီဂါ**

| | | |
|---|---|---|
| ဗီလာရီးရဲလ် | ၀ - ၂ | ရီးရဲလ် |
| ဘာစီလိုနာ | ၃ - ၀ | အိုဗီဒို |
| အက်သလက် | ၃ - ၀ | မာယော့ကာ |

တီကို

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့


**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါပါအကြောင်းအရာပြင်ဆင်ခြင်း**

၁။ မြန်မာ့မီးရထားမှ အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့သော တင်ဒါအမှတ် - ၃၃၉/မမ/CME/ဒီဇယ်ဆီ(၃၀၀၀၀၀)ဂါလန်ဝယ်ယူမှုအား အောက်ဖော်ပြပါအတိုင်း ဖြည့်စွက်ပြင်ဆင်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၃၉/မမ/CME/CE | ဒီဇယ်ဆီ(၃၁၄,၈၀၀)ဂါလန်ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂-၂-၂၀၂၆)မွန်းလွဲ(၂:၃၀)နာရီ

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း 294352, 291994

**ပျောက်ဆုံးကြောင်း**
သန်းထိုက်အောင်(ဘ)ဦးတင်ထွဋ် ၇/ပတန(နိုင်)၀၉၆၂၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 272420)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အိသဇင်မိုး(ဘ)ဦးမင်းဇော်မိုး ၆/မမန(နိုင်)၂၁၉၈၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၈၀၀၃၂၃၄

**ပျောက်ဆုံးကြောင်း**
ရှင်းသန့်ဟိန်း(ဘ)ဦးကျော်နိုင်ဦး ၉/ခမစ(နိုင်)၀၆၅၁၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၇၅၁၂၃၉၅

**ပျောက်ဆုံးကြောင်း**
သိန်းဇော်(ဘ)ဦးသန်းလွင် ၁၄/ဖပန(နိုင်)၀၉၅၀၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၇၀၇၈၀၆၃

**ပျောက်ဆုံးကြောင်း**
ဇာနည်အောင်(ဘ)ဦးဇော်ဌေးအောင်၈/နမန(နိုင်)၂၅၂၅၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 161686)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
ဘိုအောင်ဖြိုး(ဘ)ဦးမောင်ဝင်းအေး ၁၁/စတန(နိုင်)၁၁၈၀၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၇၆၇၄၈၄၇

**ပျောက်ဆုံးကြောင်း**
စန်းအောင်(ဘ)ဦးပေါ ၁၀/ကမရ(နိုင်)၀၆၅၈၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၉၂၇၂၃၆

**အလိမ္မာစာမှာရှိ**

**ပျောက်ဆုံးကြောင်း**
မာန်အောင်မြို့နယ်၊ စအုန်းမော်ပုတ်ချောင်းရွာနေ ရတနာမြင့်မိုရ်(ဘ)ဦးမျိုးဇော် ၁၁/မအန(နိုင်)၀၇၇၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၈၄၁၂၁၀

**ပျောက်ဆုံးကြောင်း**
မန္တလေးမြို့၊ ပြင်ဦးလွင်မြို့နယ်နေ အိပပလွင်(ဘ)ဦးထွန်းလွင် ၁၄/မမန(နိုင်)၁၈၂၁၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၂၉၇၇၄

**ပျောက်ဆုံးကြောင်း**
ဒိုက်ဦးမြို့နေ နှင်းအိဖြူ(ဘ)ဦးလှထွန်း ၇/ဒဥန(နိုင်)၁၃၇၄၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စစ်မာန်(ဘ)ဦးသန်းနိုင် ၁၄/ဝခမ(နိုင်)၃၀၈၁၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 040735)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မနှင်းနှင်းအေး(ဘ)ဦးတင်ရွှေ ၁၂/သဃက(နိုင်)၁၄၇၄၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၇၅၈၄၇၈

**ပျောက်ဆုံးကြောင်း**
နန်းအေးခန်း(ဘ)ဦးတီစိန် ၁၃/မဖတ(နိုင်)၁၂၉၃၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၁၆၃၇၅၇၄

**ပျောက်ဆုံးကြောင်း**
ခင်မာစိန်(ဘ)ဦးအေး ၁၀/သဖရ(နိုင်)၁၅၂၇၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၆၆၀၀၈၂

**ပျောက်ဆုံးကြောင်း**
ဝတ်မှုံဖူး(ဘ)ဦးမျိုးဝင်း ၁၀/မလမ(နိုင်)၂၆၂၀၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၅၈၂၈၂၀

**ပျောက်ဆုံးကြောင်း**
ဒေါ်ဝင်းဆန်း(ဘ)ဦးရပ် ၁၀/ကမရ(နိုင်)၀၇၂၈၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၀၃၆၇၄၃၃

**ပျောက်ဆုံးကြောင်း**
ယဉ်သူဇာလွင်(ဘ)ဦးသန်းထွန်း ၁၀/သထန(နိုင်)၂၃၅၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၇၆၄၉၅၀

**ပျောက်ဆုံးကြောင်း**
မတင်မိုး(ဘ)ဦးကျော်စိန် ၁၀/ကမရ(နိုင်)၀၇၁၇၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၉၂၇၂၃၆

**ပျောက်ဆုံးကြောင်း**
ကြူကြူအေး(ဘ)ဦးစိန်ဟန် ၁၀/သဖရ(နိုင်)၁၈၇၆၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၀၀၁၀၁၃၁

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) ဆက်လက်ကျင်းပ၊ မဲဆန္ဒရှင်ပြည်သူများက စိတ်အားထက်သန်စွာဆန္ဒမဲပေး



မြောက်ဥက္ကလာပမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကိုတွေ့ရစဉ်။



ဒဂုံမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကိုတွေ့ရစဉ်။

ရန်ကုန် ဇန်နဝါရီ ၂၅

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နှင့် ရွေးကောက်ပွဲ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်တို့တွင် အောင်မြင်စွာကျင်းပခဲ့ပြီး ရွေးကောက်ပွဲအပိုင်း(၃)ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ မြို့နယ်ပေါင်း ၆၁ မြို့နယ်တွင် အောင်မြင်စွာကျင်းပခဲ့သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံ၊ လမ်းမတော်၊ ဆိပ်ကြီး/ ခနောင်တို၊ ဒလ၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ မြောက်ဥက္ကလာပ၊ တာမွေ၊ ရန်ကင်း၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ စမ်းချောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)နှင့် လှိုင်သာယာ (အရှေ့ပိုင်း) စသည့် မြို့နယ် ၁၇ မြို့နယ်တွင် မဲရုံ ၁၃၀၀ ဖွင့်လှစ်၍ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက အေးချမ်းစွာ ဆန္ဒမဲလာရောက်ပေးခဲ့ကြသည်။

ထိုသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၃) ကျင်းပနေမှုကို ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများက လွတ်လပ်စွာ သတင်းရယူလျက်ရှိပြီး ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များကလည်း မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲလာရောက်ပေးနေမှုအခြေအနေကို စောင့်ကြည့်လေ့လာခဲ့ကြသည်။

ယခုကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်တရားမျှတသည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဖြစ်စေရန် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM)ကို စတင်အသုံးပြုခဲ့ရာ ယခင်ရွေးကောက်ပွဲများတွင် စာရွက်ပေါ်အမှန်ခြစ်၍ မဲပေးရသည့်စနစ်ထက် ယခု မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးရသည်မှာ ပိုမိုလွယ်ကူအဆင်ပြေကြ၍ မဲဆန္ဒရှင်ပြည်သူများ နှစ်ခြိုက်သဘောကျခဲ့ကြကြောင်း သိရသည်။



လမ်းမတော်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကိုတွေ့ရစဉ်။



ရန်ကင်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကိုတွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမဲရုံများတွင်မဲဆန္ဒရှင်ပြည်သူများအဆင်ပြေချောမွေ့စွာဆန္ဒမဲပေးနိုင်ရန်လည်း သက်ဆိုင်ရာမဲရုံမှူးများနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ညနေပိုင်းတွင် မဲရုံများပိတ်သိမ်းသည့်အခါ မဲရုံမှူးများက မဲစာရင်းရလဒ်များကို စနစ်တကျရေတွက်မှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၈ ရက်က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ကမာရွတ်၊ ကျောက်တံတား၊ တိုက်ကြီး၊ တွံတေး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဗိုလ်တထောင်၊ မရမ်းကုန်း၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ သဃ်္ဃန်းကျွန်း၊ သန်လျင်နှင့် အလုံမြို့နယ်တို့တွင် မဲရုံ ၁၃၁၃ ရုံ ဖွင့်လှစ်၍လည်းကောင်း၊ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဗဟန်း၊ ပန်းဘဲတန်း၊ လသာ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒေါပုံ၊ ပုဇွန်တောင်၊ လှိုင်၊ ရွှေပြည်သာ၊ ထန်းတပင်၊ လှည်းကူး၊ တောင်ဥက္ကလာပ၊ ကိုကိုးကျွန်း၊ ကြည့်မြင်တိုင်နှင့် အင်းစိန်မြို့နယ်တို့တွင် မဲရုံ ၁၁၇၁ ရုံ ဖွင့်လှစ်၍လည်းကောင်း ကျင်းပခဲ့ကြသည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၉၃၈၈၂၃ ဦးရှိပြီး မဲရုံပေါင်း ၃၇၈၄ ရုံ ဖွင့်လှစ်ကာ နိုင်ငံရေးပါတီပေါင်း ၂၀ နှင့် တစ်သီးပုဂ္ဂလ ၄၆ ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

မြဝတီ

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) ကျင်းပနေမှု သွားရောက်ကြည့်ရှုအားပေး

ပဲခူး ဇန်နဝါရီ ၂၅

ပဲခူးခရိုင်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကျင်းပနေမှုနှင့်မဲဆန္ဒရှင်ပြည်သူများ စိတ်ဝင်တစားလာရောက်ဆန္ဒမဲပေးနေမှုတို့ကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ကြီးတို့ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တို့သည် ဝေါမြို့ ချမ်းသာယာရပ်ကွက် အထက(ချမ်း)၌ ဖွင့်လှစ်ထားသည့် မဲရုံအမှတ်(၁)နှင့် မဲရုံအမှတ်(၂)၊ ချမ်းမြသာစည်ရပ်ကွက် မြို့နယ်ခန်းမဆောင် အရှေ့ခြမ်း(ချမ်းမြ)၌ ဖွင့်လှစ်ထားသည့် မဲရုံအမှတ်(၁)၊ အရှေ့ဘက်ခြမ်းရပ်ကွက် အထက(ဝေါ)၌ ဖွင့်လှစ်ထားသည့် မဲရုံအမှတ်(၁)နှင့်မဲရုံအမှတ်(၂)တို့၌ မဲဆန္ဒရှင်ပြည်သူများ စိတ်ဝင်တစားလာရောက်ဆန္ဒမဲပေးနေမှုနှင့် တာဝန်ရှိသူများက ဆန္ဒမဲပေးသူများ အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲအား အချိန်ကုန်သက်သာစွာ မဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားကြောင်း သိရသည်။

ဥသျှာတိုင်းသား



# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)၌ ပြည်သူများ ယုံကြည်ချက်အပြည့်ဖြင့် အေးချမ်းစွာ ဆန္ဒမဲပေးနေမှု မြင်ကွင်းများ



ကျောက်မဲ

ခရိုင်(မြန်/ဆက်)



မြစ်သား

ဝါဝါမြင့်(မြစ်သား)



တာမွေ

ထက်တံခွန်(မြန်/ဆက်)



ကျောက်တံခါး

မြို့နယ်(မြန်/ဆက်)



ဖြူး

မြို့နယ်(မြန်/ဆက်)



အုတ်တွင်း

ခင်ခင်မာ(မြန်/ဆက်)



မိုင်းစံ

အိဇာချို (မိုင်းစံ၊ မြန်/ဆက်)



မြောက်ဥက္ကလာပ

သက်လွင်စိုး(မြန်/ဆက်)



လှိုင်သာယာ

ခင်ဝင်းမူ(မြန်/ဆက်)



မိုးနဲ

မျိုးညွန့်ရွှေ(မိုးနဲ)

# ဗင်နီဇွဲလားစစ်ဆင်ရေး၌ လျှို့ဝှက်လက်နက်တစ်မျိုးကို အသုံးပြုခဲ့ဟု ဒေါ်နယ်ထရမ့်ထုတ်ပြော



နယူးယောက်၊ စစ်လက်နက်

ဇန်နဝါရီလအစောပိုင်းတွင် ဗင်နီဇွဲလားနိုင်ငံ၌လုပ်ဆောင်ခဲ့သော စစ်ဆင်ရေးတွင် လျှို့ဝှက်လက်နက်ဆန်းတစ်မျိုးကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဇန်နဝါရီလ ၂၄ ရက်တွင်ထုတ်ဖော်ပြောသည်။

"အမေရိကန်တပ်ဖွဲ့တွေက ဗင်နီဇွဲလားမှာ The Discombobulator လို့ခေါ်တဲ့ လက်နက်တစ်မျိုးကို အသုံးပြုခဲ့ပါတယ်။ ဒီလက်နက်ကြောင့် ရန်သူ့ရဲ့စစ်လက်နက်ပစ္စည်းတွေက အလုပ်မလုပ်နိုင်ခဲ့ပါဘူး။ ဒီလက်နက်အကြောင်းနဲ့ပတ်သက်ပြီး တော့လည်း ဘယ်လိုအချက်အလက်တွေကိုမှ ထုတ်ဖော်ပြောခွင့်မပြုထားပါဘူး" ဟု ဒေါ်နယ်ထရမ့်က New York Post သတင်းဌာနနှင့် သီးသန့်အင်တာဗျူးတွင် ပြောထားခြင်းဖြစ်သည်။

ဗင်နီဇွဲလား၌ ထိုလက်နက်အသုံးပြုခြင်းကို ၎င်းကိုယ်တိုင်ခွင့်ပြုပေးလိုက်ခြင်းဖြစ်ကြောင်း၊ ဗင်နီဇွဲလားစစ်ဘက်အနေဖြင့် ဒုံးကျည်တစ်စင်းမျှကိုပင် ပစ်လွှတ်နိုင်ခြင်းမရှိကြောင်း၊ ထို့နောက် အမေရိကန်တပ်ဖွဲ့များက ဗင်နီဇွဲလားသို့ အလွယ်တကူဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗင်နီဇွဲလားတို့အနေဖြင့် ပစ်ခတ်ရေးခလုတ်များကို နှိပ်သော်လည်း မည်သည့်အရာမျှ ဆက်မဖြစ်လာကြောင်း ထရမ့်ကပြောသည်။

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်မာဒူရိုကို အမေရိကန်တပ်ဖွဲ့များက ဝင်ရောက်ဖမ်းဆီးချိန်တွင် ဗင်နီဇွဲလားတပ်ဖွဲ့ဝင်များမှာ နှာခေါင်းသွေးလျှံခြင်း၊ သွေးအန်ခြင်းတို့ဖြစ်ပွားပြီး ဒူးထောက်ကျသွားကြောင်းနှင့် ထိုအချိန်တွင် ရေဒါစနစ်အားလုံးရုတ်တရက် ပိတ်သွားကြောင်း ထိုတပ်ဖွဲ့ဝင်များက ပြောထားသည်။ Ref: NYP

# ရုရှားနှင့်ဘယ်လာရုစ်နိုင်ငံတို့အကြား စစ်ရေးလေ့ကျင့်မှုများဆက်လက်လုပ်ဆောင်ဖွယ်ရှိဟုဆို

မော်စကို၊ စစ်ရေးလေ့ကျင့်မှု

ရုရှားနှင့်ဘယ်လာရုစ်နိုင်ငံတို့အကြား မဟာဗျူဟာမြောက်မဟုတ်သော နည်းဗျူဟာမြောက်နျူကလီးယားလက်နက်များ စမ်းသပ်ရန်အတွက် စစ်ရေးလေ့ကျင့်မှုများကို အနာဂတ်ကာလတွင် ဆက်လက်လုပ်ဆောင်သွားဖွယ်ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန လွတ်လပ်သောနိုင်ငံများ၏ ဓနသဟာယအဖွဲ့ဆိုင်ရာ ဒုတိယဌာနခွဲ၏ ညွှန်ကြားရေးမှူး အလက်ဇီပိုးလစ်ရှ်ချုက်က ဇန်နဝါရီလ ၂၅ ရက်တွင်ပြောသည်။

၂၀၂၄ ခုနှစ်ဇွန်လအတွင်းပြုလုပ်ခဲ့သော ရုရှားနိုင်ငံ၏ မဟာဗျူဟာမြောက်မဟုတ်သော နည်းဗျူဟာမြောက်နျူကလီးယားတပ်ဖွဲ့များ၏ စစ်ရေးလေ့ကျင့်မှုများတွင် ဘယ်လာရုစ်နိုင်ငံက ပူးပေါင်းပါဝင်ခဲ့ကြောင်း အလက်ဇီပိုးလစ်ရှ်ချုက်က ပြောကြားသည်။



အဆိုပါစစ်ရေးလေ့ကျင့်မှုများအတွင်း နည်းဗျူဟာမြောက် လက်နက်ခဲယမ်းများကို အသုံးပြုနိုင်ရန်အတွက် နှစ်နိုင်ငံအကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုများအား လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် လိုအပ်ပါက ရုရှားနှင့်ဘယ်လာရုစ်နိုင်ငံတို့အနေဖြင့် အနာဂတ်တွင်လည်း ထိုသို့သောစစ်ရေးလေ့ကျင့်မှုများကို လုပ်ဆောင်သွားဖွယ်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ထို့အတူ အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုများအားစီစဉ်ခြင်း၊ စစ်ရေးလေ့ကျင့်မှုများ၏ ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များနှင့် စစ်ရေးလေ့ကျင့်မှုပြုလုပ်ရာတွင် အသုံးပြုမည့် နည်းလမ်းများကိုဆုံးဖြတ်ခြင်းသည် ရုရှားနှင့်ဘယ်လာရုစ် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများ၏ အရည်အချင်းနှင့် ကျွမ်းကျင်မှုအတွင်း၌သာ ရှိကြောင်း အလက်ဇီပိုးလစ်ရှ်ချုက်က ထပ်လောင်းပြောကြားသည်။ Ref: Iv

# တရုတ်နှင့်ကုန်သွယ်ရေးသဘောတူညီချက်ချုပ်ဆိုနိုင်ရေး ဆက်လက်လုပ်ဆောင်မည်ဆိုပါက ကနေဒါအပေါ် အခွန် ၁၀၀ ရာခိုင်နှုန်းတိုးမြှင့်ကောက်ခံမည်ဟု ထရမ့်ပြော

ဝါရှင်တန်၊ ကုန်သွယ်ရေး

ကနေဒါနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ် ချုပ်ဆိုနိုင်ရေး ဆက်လက်လုပ်ဆောင်မည်ဆိုပါက ကနေဒါနိုင်ငံမှတင်ပို့မည့်ကုန်ပစ္စည်းအားလုံးအပေါ် အခွန် ၁၀၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံသွားမည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြောကြားလိုက်ကြောင်းသိရသည်။

တရုတ်နိုင်ငံသည် အမေရိကန်အစိုးရ၏ ကုန်သွယ်ရေးအတားအဆီးများကို ကျော်ဖြတ်နိုင်ရေးအတွက် ကနေဒါနိုင်ငံအားအသုံးချရန်ကြိုးပမ်းနေသည်ဟု ထရမ့်က ဇန်နဝါရီလ ၂၄ ရက်တွင်စွပ်စွဲလိုက်ပြီးနောက် ယခုကဲ့သို့ သတိပေးချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ထရမ့်သည် ယခင်ကလည်း ကနေဒါနိုင်ငံအပါအဝင် နိုင်ငံအများအပြားနှင့်ဖြစ်ပွားခဲ့သော ကုန်သွယ်ရေးအငြင်းပွားမှုများတွင် အမေရိကန်ပြည်ထောင်စုအတွင်းသို့ တင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံမှုများ သို့မဟုတ် အခွန်တိုးမြှင့်ကောက်ခံမည်ဟု ခြိမ်းခြောက်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပြီး ကနေဒါနိုင်ငံမှ တင်ပို့သောကုန်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံခဲ့ကြောင်း သိရသည်။

ယခုလအစောပိုင်းတွင် ကနေဒါဝန်ကြီးချုပ် မာ့ခ်ကားနေးသည် နှစ်နိုင်ငံအကြား တင်းမာနေသောဆက်ဆံရေးများပြန်လည်ကောင်းမွန်စေရေးလုပ်ဆောင်ရန်အတွက် တရုတ်နိုင်ငံသို့ အလည်အပတ်သွားရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား သတ်မှတ်ထားသော ကုန်သွယ်ရေးအတားအဆီးများကို ကျော်လွှားဖြေရှင်းပေးနိုင်မည့် မူအရ သဘောတူညီချက် သို့မဟုတ် မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့ပြီးနောက် အမေရိကန်၏ သတိပေးချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်နှင့် ကနေဒါနိုင်ငံတို့သည် ၎င်းတို့အကြား အခွန်တိုးမြှင့်ကောက်ခံမှုများကိုလျှော့ချနိုင်ရေး သဘောတူညီချက်တစ်ရပ်ကို ပြီးခဲ့သည့်နှစ်အတွင်းက ချုပ်ဆိုနိုင်ရန်ကြိုးပမ်းခဲ့သော်လည်း နှစ်နိုင်ငံအကြားဆွေးနွေးမှုများမှာ ရပ်ဆိုင်းသွားပြီးနောက် အမေရိကန်အစိုးရက ကနေဒါနိုင်ငံအပေါ် အခွန်တိုးမြှင့်ကောက်ခံရန်ပြန်လည်စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Ref: RT

# အမေရိကန်တစ်ဝန်းလုံးတွင် နှင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် ပြည်နယ် ၁၈ ခု၌ အရေးပေါ်အခြေအနေထုတ်ပြန်ခဲ့ရ



ဝါရှင်တန်၊ သဘာဝဘေး

အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံးတွင် နှင်းမုန်တိုင်းများတိုက်ခတ်မှုကြောင့် ပြည်နယ် ၁၈ ခု၌ အရေးပေါ်အခြေအနေထုတ်ပြန်ခဲ့ရပြီး လေကြောင်းခရီးစဉ် ၁၂,၀၀၀ နီးပါးရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

အမေရိကန်အာဏာပိုင်အဖွဲ့သည် နိုင်ငံအတွင်းရှိ ပြည်နယ် ၁၈ ခု၌ အရေးပေါ်အခြေအနေကို ဇန်နဝါရီလ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး အဆိုပါပြည်နယ်များအတွင်းရှိ လူပေါင်း သန်း ၁၈၀ ကျော်ကိုလည်း သတိဝီရိယနှင့်နေထိုင်ကြရန် သတိပေးချက်များ ထုတ်ပြန်ခဲ့ရသည်။

နှင်းမုန်တိုင်းများသည် အမေရိကန်ပြည်ထောင်စုအတွင်း ဇန်နဝါရီလ ၂၄ ရက်မှ စတင်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းကြောင့် လျှပ်စစ်မီးများပြတ်တောက်သွားခဲ့ရသည့်အပြင် လမ်းမကြီးများပေါ်တွင်လည်း ရေခဲများဖုံးလွှမ်းမှုကြောင့် မော်တော်ကားမောင်းနှင်ရာတွင် အန္တရာယ်ဖြစ်စေခဲ့ကြောင်းသိရသည်။

အချို့ပြည်နယ်များတွင် နှင်းမုန်တိုင်းကြောင့် အပူချိန်မှာ အနှုတ် ၁၇ ဒီဂရီဆဲလ်စီးယက်အထိ ကျဆင်းခဲ့ခြင်းကြောင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများက အရေးပေါ်အခြေအနေများကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

နှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပြည်နယ်များတွင် လျှပ်စစ်မီးများ ရက်အတော်ကြာပြတ်တောက်နိုင်ပြီး လမ်းပန်းဆက်သွယ်ရေးတွင်လည်း အခက်အခဲအဟန့်အတားများဖြစ်ပေါ်စေနိုင်သည်ဟု အမေရိကန်အာဏာပိုင်များက ခန့်မှန်းထားကြောင်း သိရသည်။ Ref: Iv

# အကျဉ်းထောင်ဝင်းတစ်ခုအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့သည့် ဆန္ဒပြသူ ၈၆ ဦးကို လန်ဒန်ရဲတပ်ဖွဲ့ဖမ်းဆီး

လန်ဒန်၊ ရာဇဝတ်မှု

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ အကျဉ်းထောင်ဝင်းတစ်ခုအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့သည့် ဆန္ဒပြသူ ၈၆ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီလ ၂၅ ရက်တွင် ပြောကြားသည်။




ဆန္ဒပြသူများသည် လန်ဒန်မြို့အနောက်ပိုင်းရှိ ဝမ်းဝုဒ်အကျဉ်းထောင်၌ ထိန်းသိမ်းခံထားရသော ပါလက်စတိုင်းလိုလားသူ အကျဉ်းသားတစ်ဦး၏ အစာငတ်ခံဆန္ဒပြမှုကို ထောက်ခံသည့်အနေဖြင့် ဆန္ဒပြခဲ့ပြီးနောက် အကျဉ်းထောင်အတွင်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ထားသည်။

အဆိုပါဆန္ဒပြသူများသည် ဇန်နဝါရီလ ၂၄ ရက် ညပိုင်းတွင် Palestine Action အဖွဲ့မှ အစာငတ်ခံဆန္ဒပြနေသည့် အကျဉ်းသားကို ထောက်ခံအားပေးရန် အကျဉ်းထောင်ဝင်းအတွင်းသို့ ဝင်ရောက်ခဲ့ပြီးနောက် ၎င်းတို့အားအကျဉ်းထောင်ဝင်းအတွင်းမှ ထွက်ခွာသွားကြရန် ထောင်အာဏာပိုင်များက ညွှန်ကြားခဲ့သော်လည်း ငြင်းဆန်ခဲ့ကြကြောင်း လန်ဒန်ရဲတပ်ဖွဲ့က လူမှုကွန်ရက်တွင် ဖော်ပြထားသည်။

ရဲတပ်ဖွဲ့၏ပြောကြားချက်အရ ဆန္ဒပြသူများသည် အကျဉ်းထောင်ဝန်ထမ်းများ၏ ဝင်ထွက်သွားလာမှုကိုပိတ်ဆို့ခဲ့ပြီး ရဲတပ်ဖွဲ့မှအရာရှိများကိုခြိမ်းခြောက်ခဲ့ကြောင်းနှင့် အချို့မှာ အကျဉ်းထောင်အဆောက်အအုံရှိ ဝန်ထမ်းများအသုံးပြုသည့် ဝင်ပေါက်အတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဆန္ဒပြသူများက အကျဉ်းထောင်ဝင်းအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်းသည် စိုးရိမ်ဖွယ်အလွန်ကောင်းသောလုပ်ဆောင်ချက်ဖြစ်ကြောင်း တရားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားထားသည်။ Ref: ST

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး / စာရေးအမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၂၃-၃-၂၀၂၆ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့်စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ(Myawady Webportal(www.myawady.net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၂၃-၁၂-၂၀၂၅ ရက်နေ့မှ ၈-၂-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S(Diploma in Computer Studies)ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသောတပ်သားသစ်လစာ(၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာများခံစားခွင့်ရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| ( ခ ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| ( ဂ ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) | အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေးအတွက်** ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အကျုံးဝင်သည့်အချိန်တွင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအတွက် စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
DAGON
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
YANGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


LPM
LANN PYI MARINE
COMPANY LIMITED
AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
PADONMAR
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မှီစက်ကြီးများဖြင့် အသေးစိတ်ပြည့်မှီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆

❖ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကောင်းမွန်ရန်လိုပြီး ကုန်ထုတ်လုပ်မှုများတိုးတက်ရန်လို...

❖ ခရိုင်အဆင့်နှင့်မြို့နယ်အဆင့် အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် မိမိတို့ဒေသ၏အကြောင်းအရာများကိုသိရှိရန်လိုပြီး ကုန်ထုတ်လုပ်ငန်းများတိုးတက်ထုတ်လုပ်နိုင်ရေး နည်းလမ်းများရှာဖွေဆောင်ရွက်ပေးကြရန်လို...

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ မြို့မိဖြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း ( ၃ ) ကျင်းပနေမှု နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံတကာသံရုံးများ လေ့လာကြည့်ရှု



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် မဲရုံအမှတ်(၂)၌ မဲဆန္ဒရှင်များဆန္ဒမဲပေးနေမှုကို နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ပြည်တွင်းအခြေစိုက်နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ တာဝန်ရှိသူများ စောင့်ကြည့်လေ့လာကြစဉ်။

ရန်ကုန် ဇန်နဝါရီ ၂၅

နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ တာဝန်ရှိသူများသည် ယနေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း ( ၃ ) ကျင်းပနေသည့် ရန်ကုန်မြို့ရှိ မဲရုံများသို့သွားရောက်၍ မဲရုံမှူးများ၊ တာဝန်ရှိသူများ၊ မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံကာ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆွေးနွေးလေ့လာစောင့်ကြည့်မှုများ ပြုလုပ်ကြသည်။

မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် နိုင်ငံတကာ အသိုက်အဝန်းက အားပေးထောက်ခံမှုကို ဖော်ပြသည့်အနေဖြင့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ ပြည်တွင်းအခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနေမှုများကို စာမျက်နှာ ၁၁ ကော်လံ ၁ ➲

# ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများအား ဒုတိယအသုတ်အဖြစ် ထပ်မံပြန်လည်ခေါ်ဆောင်



ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများအား ဒုတိယအသုတ်အဖြစ် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်စဉ်။

နေပြည်တော် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် online လိမ်လည်မှုများ၊ online လောင်းကစားမှုများ စာမျက်နှာ ၂၃ ကော်လံ ၁ ➢




# (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရေကူး၊ ပြေးခုန်ပစ်နှင့်ထိုင်လျက်ဘော်လီဘော အားကစားနည်းတို့မှရွှေတံဆိပ်လေးဆုဆွတ်ခူး

နေပြည်တော် ဇန်နဝါရီ ၂၅

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် နခွန်ရစ်ချာဆီးမား(ခိုရတ်)မြို့တို့ရှိ အားကစားကွင်း/အားကစားရုံများ၌ ဆက်လက်ကျင်းပရာ ယနေ့တွင် မြန်မာအသင်းအနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ စာမျက်နှာ ၂၆ ကော်လံ ၁ ▲

